
SAMPLE BOOK

# မြက်နုရာ အရပ်မှာ ...

ရဝင်းမြို့



mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ချလိုက်သည့် သက်ပြင်းရှည်ကြီးသည်
မြန်မာပြည်တပတ် ပတ်ပြီး
မဲခေါင်မြစ်ကြီးကို ကျော်ဖြတ်ကာ
လာအိုနိုင်ငံအထိ ခရီးဆန့်ချင်လည်း
ဆန့်သွားပါလိမ့်မည် ...



Nay Wun Ni - Pastures new
5 201510 149028 >
14000 KS

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

မဟာစာပေ

အမှတ် ၁၅၂၊ ဇေယျာသုခလမ်း၊ က-ရပ်ကွက်၊ သုဝဏ္ဏ
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

၀၉ ၄၅၀၆၂၃၃၇၃ ၊ ၀၉ ၄၅၀၆၂၃၃၇၄

sarpaymahar@gmail.com
www.facebook.com/maharsarpaypublishing
www.maharsarpay.com

mgyoe.com

mgyoe.com
SAMPLE BOOK


| | |
|---|---|
| ထုတ်ဝေခြင်း | ပထမအကြိမ် |
| | အောက်တိုဘာလ၊ ၂၀၂၅ ခုနှစ် |
| စောင်ရေ | ၅၀၀ |
| မျက်နှာဖုံးဒီဇိုင်း | နိုင်ဇော်ဦး |
| ထုတ်ဝေသူ | ဒေါ်သိမ့်သူစိုး (၀၁၂၈၅) |
| ပုံနှိပ်သူ | ဦးဝင့်ဗိုလ်ဗိုလ်(နှင်းသဇင်ပုံနှိပ်တိုက်-၀၀၄၄၁) ၀၉၂၅၀၅၁၃၆၃၆ |
| | အမှတ်-၁၉၄-၁၉၆၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |
| စာစီ၊စာစဉ် | ညီမြာဆတ် ၊ ဟိန်းဆက်သွင် |
| စာအုပ်ချုပ် | ကိုမဲ (ငွေအိမ်ငြိမ်စာအုပ်ချုပ်လုပ်ငန်း) ၀၉၂၆၄၅၆၅၆၅၇ |
| ဖြန့်ချိရေး | မဟာစာပေ |
| | အမှတ်-၁၅၂၊ ဝေဠုသုခလမ်း၊ က-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |
| | ဖုန်း - ၀၉၄၅၀၆၂၃၃၈၃ ၊ ၀၉၄၅၀၆၂၃၃၈၄ |
| တန်ဖိုး | ၁၄၀၀၀ ကျပ် |

မြက်နုရာအရပ်မှာ

မြက်နုရာအရပ်မှာ ၊ နေဝန်းနီ(နတ်မောက်)
ရန်ကုန်၊ မဟာစာပေ ၊ ၂၀၂၅
စာ ၂၆၄ ၊ ၂၀.၅ × ၁၂.၅ စင်တီ
(၁) မြက်နုရာအရပ်မှာ


mgyoe.com

mgyoe.com
SAMPLE BOOK

# မြှက်နုရာ

## အရုပ်မှာ

နေဝန်းနီ (နတ်မောက်)

mgyoe.com

မ ဟာ စာ ပေ ( စာ စဉ် – ၁၄၉ )

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# "မြွက်နုရဂသအရပ်မှာ"

## နဲ့ပတ်သက်ပြီး ပြောချင်စရာလေးတွေ

ပထမဆုံးပြောချင်တာက ဒီဝတ္ထုဟာ ရှေ့မှာထွက်ခဲ့တဲ့ ကြက်ခြေ **အခတ်ခံလိုက်ရတဲ့ကြယ်တွေ** ဝတ္ထုရဲ့ နောက်ဆက်တွဲဆိုလည်း မမှား ပါဘူး။ ဘာပြုလို့လဲဆိုတော့ ကျားဖြန်အလုပ်ကနေ ထွက်ပြေးလွတ်မြောက် လာပြီး နောက်ပိုင်း ကျွန်တော့်ဘဝရဲ့ ဒုတိယစွန့်စားခန်းတွေ မလို့ပါပဲ။ ဒီဝတ္ထုထဲမှာလည်း ကျွန်တော်နဲ့ကျွန်တော့်ပါရမီဖြည့်ဖက်ရဲ့ ဘဝတစ်စိတ် တစ်ပိုင်းအပြင် ကျွန်တော်နဲ့ ပတ်သက်ဆက်နွယ်ခဲ့ဖူးသမျှ မိတ်ဆွေစစ်၊ မိတ်ဆွေတုရယ်၊ ဗမာအချင်းချင်း တိုင်းတပါးမှာ စည်းလုံးရမယ့်အစား ထိုးနှက်တိုက်ခိုက်တာတွေ၊ မလိုမုန်းထားတာတွေ၊ သခင်အားရ လူပါးဝကြ တာတွေ စတာတွေကို အနုစိတ်ခြယ်မှုန်းထားပါတယ်။ (ကြက်ခြေအခတ် ခံလိုက်ရတဲ့ကြယ်တွေထဲက သူငယ်ချင်းတွေအကြောင်း ဒီဝတ္ထုထဲမှာ မပါ တော့ပါဘူး။)

နောက်တစ်ခုပြောချင်တာက စာဖတ်သူမိတ်ဆွေတွေ အနေနဲ့ ဝတ္ထုကိုဖတ်နေတုန်းမှာ ဒါမှမဟုတ် ဖတ်ပြီးတဲ့အခါမှာ ဇာတ်ကောင်ရဲ့နာမည် မပါတာကို သတိထားမိပါလိမ့်မယ်။ ဝတ္ထုရဲ့သဘောသဘာဝအရ ဇာတ်ကောင်နာမည်၊ ဇာတ်ကောင်စရိုက်ဆိုတာတွေ ပါရမယ်မဟုတ်လား။



mgyoe.com

mgyoe.com SAMPLE BOOK

ရှေ့မှာထွက်ခဲ့တဲ့ ဝတ္ထုထဲကလိုပြောရရင် ဒီဝတ္ထုဟာလည်း ဝတ္ထုချည်း သတ်သတ်မဟုတ်ပဲ စာရေးသူရဲ့ဘဝဖြစ်နေတာကြောင့် ဇာတ်ကောင်နာမည် ကို ထူးထွေပြီး ရေးမပြတော့တာ ဖြစ်ပါတယ်။ ပြီးတော့ ဝတ္ထုအင်္ဂါရပ်တွေ၊ စာပေဆန်ဆန်ဒဿနတွေနဲ့ ဝေဖန်ကြပြောဆိုရင် ဒီဝတ္ထုမှာ ဝေဖန်စရာ၊ စောကြောစရာတွေ တွေ့ကောင်းတွေ့နိုင်ပါလိမ့်မယ် (တွေ့ကိုတွေ့ပါ လိမ့်မယ်)။

ဒါဟာ ဝတ္ထုမှမဟုတ်ပဲလို့ စာဖတ်သူတို့က မှတ်ချက်ပြုရင်လည်း လက်ခံရမှာပါပဲ။ ဝတ္ထု ဟုတ်ဟုတ်မဟုတ်ဟုတ် ကျွန်တော်ကတော့ သိသင့်၊ ပြောသင့်၊ ရေးပြသင့်တာတွေကို အရှိအတိုင်း ရေးပြလိုက်ပါပြီ။ ပြည်ပမှာ အလုပ်လုပ်ရတယ်ဆိုတာ ဒါမျိုးအခက်အခဲတွေ ရှိတယ်လို့ ညည်းပြနေတာ မျိုး မဟုတ်ကြောင်းလည်း ပြောလိုပါတယ်။ ပြည်တွင်းမှာဖြစ်ဖြစ် ပြည်ပ မှာဖြစ်ဖြစ် အားလုံးဟာ ကိုယ့်အခက်အခဲနဲ့ကိုယ် ရှိနေကြတာပါပဲ။ ဒါပေမယ့် ရေကြည်ရာ မြက်နုရာမှာနေပြီး ခက်ခဲပင်ပန်းရတာဟာ ရေနောက်နောက် မြက်ခြောက်ခြောက်မှာ ပင်ပန်းရတာထက် နေရစားရတာ ပိုပြီးအဆင်ပြေ တာကိုတော့ ငြင်းလို့မရပါဘူး။

နောက်ဆုံးအနေနဲ့ပြောချင်တာက စာဖတ်သူမိတ်ဆွေများ မြက်နုရာအရပ်မှာ ကိုဖတ်ပြီး စိတ်ပင်ပန်းခဲ့ရင်၊ စိတ်မောကိုယ်မောဖြစ်ခဲ့ရင်၊ စိတ်အလိုမကျ ဖြစ်ခဲ့ရင်၊ အားမလိုအားမရဖြစ်ခဲ့ရင် စာရေးသူအနေနဲ့ ဒီနေရာကနေ အနူးအညွတ်တောင်းပန်လိုက်ပါတယ်ခင်ဗျာ။

**စာဖတ်သူမိတ်ဆွေများ ကိုယ်စိတ် ကျန်းမာချမ်းသာကြပါစေ**

**လေးစားစွာ**

**နေဝန်းနီ (နတ်မောက်)**

**Feb,27,2025(Thursday)**

■

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၁ )

"လောလောဆယ်တော့ ဒီမှာပဲ ခဏနေရမယ်ဗျာ၊ အလုပ်လေး ဘာလေး ရရင်တော့ အဆင်ပြေသွားမှာပါ၊ ဒါ ကျွန်တော် အိပ်တဲ့နေရာ၊ လောလောဆယ် ခင်ဗျားတို့ ခဏ ယူအိပ်ပေါ့၊ ဘာမှ အားနာစရာ မလိုဘူး၊ ထမင်း၊ ဟင်း ချက်တတ်ရင် ဟိုဘက်မှာ ချက်စား၊ ဆန်တွေလည်း ရှိပြီးသား၊ လိုတာရှိရင် ပြောဗျာ... နော့"

ပွဲစားကောင်လေး မေးငေါ့ရာနောက်ကို လိုက်ကြည့်လိုက်၊ ခေါင်းညိတ်လိုက် လုပ်နေရ၍ ခေါင်းလည်း အတော်ညောင်းလာသည်။ သူ့ကြည့်ရသည်မှာ တခြားပွဲစားတွေလို လည်လည်ဝယ်ဝယ် ရှိဟန်မတူ။ သူ့တစ်သက်၌ ကျွန်တော်တို့နှင့်မှ ပွဲစား စလုပ်ဖူးဟန် တူသည်။ ထို့ကြောင့်လည်း ရုံဖန်ရုံခါ အူတူတူ၊ အ,တတကြီး ဖြစ်ဖြစ်နေတတ်သည်။

ဒီကောင်လေးက အသားမည်းမည်း၊ ပိန်ပိန်ပါးပါး၊ ဆံပင်ရှည်ကို နောက်တွင်စု၍ စည်းထားသောကြောင့် အသက်ကြီးပြီ ထင်ရသော်လည်း နှစ်ဆယ်စွန်းစွန်းသာ ရှိသေးသည်။ "ဒါ ကျွန်တော် အိပ်တဲ့နေရာ" ဟု ဆိုလိုက်ခြင်းကြောင့် ပွဲစားတစ်ယောက်အနေဖြင့် ဇိမ်ကျကျ အိပ်ရသည်ဟု ထင်ကောင်းထင်မိကြလိမ့်မည်။ မဟုတ်... လမ်းမလျှောက်နိုင်တော့သည့်

mgyoe.com

mgyoe.com SAMPLE BOOK

အဘိုး၊ အဘွားတို့၏ အိပ်ရာခင်းကို မြင်ဖူးပါက ထိုပွဲစားကောင်လေး၏ အိပ်ရာအနေအထားကို အထူးဖော်ပြရန် မလိုအပ်တော့ပေ။

ကပိုကရိုနိုင်ရုံမျှမက ခြေ၊ လက် မသန့်စင်ဘဲ ဝင်ခွေထားသောကြောင့် အနီအိပ်ရာမှာ သဲကြမ်းများပင် ပွရှု၍ နေပါသေးသည်။ ထိုခဏ၌ ကျွန်တော်သည် အတော်လေး စိတ်ညစ်သွားသည်။ သို့သော် ကျွန်တော့် နံဘေးက ကျွန်တော်နှင့်အတူ ပါလာသော ဇနီးသည်ကိုကြည့်၍ 'သြော်၊ သူ့ရှိပါသေးတယ်လေ' ဟု သဘောပိုက်ပြီး ညစ်နေသော ကျွန်တော့်စိတ်များကို ဇနီးသည်အား ထိုးပေးလိုက်ရလေသည်။

"ဒီတိုက်ကြီး မပြီးမချင်းတော့ နေလို့ရပါသေးတယ်၊ ပြီးဖို့ကလည်း လိုပါသေးတယ်လေ"

ပွဲစားကောင်လေးက သူ ပြောစရာရှိသည်ကို ကုန်စင်အောင် စဉ်းစားရင်း ပြောနေသည်။ ကျွန်တော်က ထိုကောင်လေးကိုကြည့်လိုက်၊ ပတ်ဝန်းကျင်ကို ကြည့်လိုက်နှင့် မျက်စိအလုပ်ရှုပ်နေသည်။

"အလုပ်မရသေးတဲ့ မြန်မာတွေကတော့ ဒီလိုပဲ ဆိုက်တွေထဲ ခိုးနေရတာ၊ ဒါပေမဲ့ မပူပါနဲ့၊ လာစစ်ရင်လည်း ပုန်းနေရင် ရတာပဲ"

ဘေးပတ်ဝန်းကျင်တွင် ပန်းရန်အလုပ်သမား ယောကျ်ား၊ မိန်းမများကို ကိုးရိုးကားရား တွေ့ရသည်။ အထပ်သားပြား သုံး၊ လေးခုကို ထောင်ကာ၍ အဆင်ပြေသလို ဟိုတစ်စု၊ ဒီတစ်စု အိပ်နေကြသည်။ ရေချိုးပြီး လျှော်ထားသည့် အဝတ်အစားများမှာ ကာထားသည့် အထပ်သားပြားပေါ်တွင် ဖရိုဖရဲ။ တချို့က သံကြိုးတန်း၍ လှန်းထားသည်။ လူငယ်တစ်စု ခြင်းခတ်နေသည့် အသံက တိုက်အောက်ဘက်တွင် ခပ်ဆူဆူ။

"ရေချိုးရင်တော့ အောက်ထပ်မှာ ရေပိုက်ခေါင်း ရှိတယ်၊ နေ့လယ်နေ့ခင်း ဆိုရင်တော့ အေးဆေး ချိုးလို့ရတယ်၊ ညနေပိုင်းဆိုရင်တော့ အလုပ်သမားတွေ အလုပ်ဆင်းချိန်၊ ဘာညာနဲ့ ရှုပ်တယ်၊ ကဲပါ အေးဆေး နားကြဦး၊ ကျွန်တော်လည်း အလုပ်သွားတော့မယ်၊ ဒီမှာ အချိုရည်တစ်ဖာ ဝယ်ပေးခဲ့တယ်၊ ဆာရင် သောက်ကြ"

ပွဲစားကောင်လေးက အသင့်ဝယ်ထားသည့် Carabao အချိုရည် တစ်ဖာကို လက်ဖြင့်ပုတ်ပြပြီးနောက် ဆိုင်ကယ်ပေါ်တက်၍ မောင်းထွက်သွားသည်။ နံဘေးခုတင်ရှိ ထိုကောင်လေး၏ သူငယ်ချင်းဖြစ်သူက လွတ်လွတ်လပ်လပ် နေကြရန် ကျွန်တော်တို့ကို လှမ်းပြောသည်။ ကျွန်တော်က

mgyoe.com

mgyoe.com SAMPLE BOOK
သူ့ကို ယဲ့ယဲ့လေး ပြုံးပြရင်း ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ဖုန်တွေပေပွနေသည့် အိပ်ရာခင်းကို ခါလိုက်၊ ဖရိုဖရဲ ဖြစ်နေသည့် ခြင်ထောင်ကို သေချာခေါက်သိမ်းလိုက်ဖြင့် နှစ်ယောက်သား စကားပြောရန်ပင် သတိမရ။ ဆယ့်ငါးမိနစ်ခန့် သန့်ရှင်းရေး လုပ်ပြီးချိန်မှာတော့ ဇောချွေးပြန်လာသည်။ ရာသီက မေလ။ မေတိုက်သည်က တစ်ကြောင်း၊ လှုပ်လှုပ်ရှားရှား လုပ်နေရသည်က တစ်ကြောင်းကြောင့် ပူလာသည်နှင့် အပေါ်တွင် လွှားထားသည့် ရင်ကွဲအင်္ကျီကို ချွတ်ပြီး နဖူးက ချွေးများကို သုတ်ချပစ်လိုက်သည်။

စိမ့်က ဘာမျှ မပြောသော်လည်း နဖူးတွင် တွဲလဲခိုနေသည့် ချွေးသီးလေးများကို ကြည့်ခြင်းအားဖြင့် ပူအိုက်နေမှန်း သိသာပါသည်။ နဖူးပေါ် ဝဲပုံကျနေသည့် ဆံနွယ် သုံး၊ လေးမျှင်မှာ ချွေးစို့၍ ကပ်နေလေသည်။ နားထင်ပေါ် စီးကျလာသည့် ချွေးသီးပေါက် သေးသေးလေးများကို ကျွန်တော်က အလိုက်တသိ သုတ်ပေးလိုက်သည်။ စိမ့်က ကျွန်တော့်ကို ပြုံးရုံသာ ပြုံးပြ၏။

"ရေချိုးတော့မလား စိမ့်"

"ခဏနေရင် ချိုးမယ်လေ၊ ခုတော့ နားဦးမယ်၊ ကိုရော ချိုးတော့ မလား"

ကျွန်တော်က မချိုးသေးကြောင်း ပြောလိုက်ပြီးနောက် ဆောက်လက်စ ဝရန်တာ ကျဉ်းကျဉ်းလေးထဲ အေးလိုအေးငြား စိမ့်ကိုခေါ်၍ ထွက်လာခဲ့လိုက်သည်။ ကျွန်တော်တို့နှင့် ကပ်လျက်တွင် ဟိုတယ်လိုလို၊ မိုတယ်လိုလို အဆောက်အအုံကြီးတစ်ခု ရှိသည်။ ထိုအဆောက်အအုံကြီးကို ကျော်၍ လှမ်းကြည့်လိုက်သောအခါ ကွေ့ကောက်စီးဆင်းနေသည့် မဲခေါင်မြစ်ကြီးကို တွေ့ရသည်။ စိမ့်က မဲခေါင်မြစ်ကြီးကို လက်ညှိုးထိုးပြကာ ရေချိုးချင်ကြောင်း စနေသည်။

"မြစ်ရေက အေးတာတော့ တော်တော်အေးတယ်နော်၊ စိမ့်တို့ စက်လှေစီးတုန်းက လက်နဲ့ကိုင်ကြည့်တာ အေးစိမ့်နေတာပဲ၊ အခုချိန် အဲဒီမြစ်ရေသာ ချိုးလိုက်ရလို့ကတော့"

တာချီလိတ်ကနေ လာအိုဘက် ကူးခဲ့သည့် ညတုန်းက အဖြစ်အပျက်များကို သတိရရင်း စိမ့်သည် အာသွက်နေ၏။ ကျွန်တော်က စိမ့် စကားတွေကို လိုက်နားထောင်ရင်း စက်လှေစီးခဲ့စဉ်က ညတစ်ညကို ပြန်


mgyoe.com

mgyee.com SAMPLE BOOK

မြင်ယောင်နေမိပြန်သေးသည်။

အောက်ကို ငုံ့ကြည့်လိုက်ပါရာ ရေပုပ်မြောင်းထဲတွင် အမှိုက်သရိုက်များ ပေါလောပေါ်နေသည်ကို မြင်ရသည်။ ထိုမြောင်းထဲက ရေဆိုးရေညစ်များမှာ ဒီအဆောက်အအုံရှိ အလုပ်သမားများ သုံးထားသည့် ရေများပင် ဖြစ်သည်။ မြက်နှင့်တကွ ပေါင်းပင်များမှာ မြောင်းနံဘေးတွင် ထူထပ်စွာ နေရာယူထားကြသည်။ ကျွန်တော်လည်း ကြည့်နေရင်း ခေါင်းနောက်လာသည်မို့ ဆက်မကြည့်တော့ဘဲ မျက်နှာလွှဲထားလိုက်ရသည်။ မြောင်းပုပ်နံ့က ဝင်စရာ နှာခေါင်းပေါက် ရှာနေသည့်အလား ကျွန်တော့်နှစ်ယောက်ကို တွေ့လျှင်တွေ့ချင်း ဝမ်းသာအားရ ပြေးဝင်လာလေသည်။

"ဒီမှာ ကိုသူငယ်ချင်းတစ်ယောက် ရှိတယ်ဆို၊ သူ့ကို ဆက်သွယ်ပြီးပြီလား"

မြောင်းပုပ်အနံ့ကြားမှ မနည်းတိုးဝင်လာသော စိမ့်စကားကြောင့် သူငယ်ချင်းဖြစ်သူကို သတိရမိသည်။ ဟုတ်သည်။ ကိုးတန်း၊ ဆယ်တန်းတုန်းက အတူပေါင်းခဲ့သည့် ငယ်သူငယ်ချင်း ကိုရှိုင်းကို ဆက်သွယ်ရမည်။ သူ လာအိုကို ရောက်နေသည်မှာ နှစ်ချီနေပြီဖြစ်သည်။

"စိမ့်ပြောမှ သတိရတယ်၊ ဟုတ်တယ်၊ နေဦး၊ ဒီကောင့်ဆီ ဖုန်းဆက်လိုက်ဦးမယ်"

ကိုရှိုင်းက သူငယ်ချင်းသံယောဇဉ် ကြီးသည်။ ကျွန်တော် လာအိုလာမည် ဆိုကတည်းက သူလည်း တက်ကြွနေ၏။ မတွေ့ရသည်မှာ လေး၊ ငါးနှစ်ပင် မကတော့။ ထိုမျှလောက် ဝေးကွာနေသော သူငယ်ချင်းနှစ်ယောက် ပထမဆုံး ပြန်တွေ့ရမည်မို့ ဝမ်းအသာကြီး သာနေသည်။

သို့သော် ကိုရှိုင်းနှင့် ကျွန်တော်က ပခုံးဖက် ပေါင်းခဲ့ရသည်တော့ မဟုတ်။ အရင်းနှီးဆုံးဟုလည်း မဆိုသာ။ သူနှင့် ကျွန်တော်က ဘော်ဒါဆောင်ချင်းလည်း မတူ။ အခန်းထဲရောက်မှ စကားပြောလိုက်၊ စနောက်လိုက်နှင့်သာ တွေ့ဆုံရင်းနှီးခဲ့ရသည်။ ကိုရှိုင်းက စာတော်၏။ အလှအပမမက်မော။ ခေါင်းတုံးဆံပင်ကေနှင့်သာ နေတတ်သည်။ ကျွန်တော်က စာတော်သည်လည်း မဟုတ်၊ စာညံ့သည်လည်း မဟုတ်သောကြောင့် သူနှင့် ပေါင်း၍ရခြင်း ဖြစ်သည်။

ဆယ်တန်းပြီးသည့် နောက်တွင်မူ ကိုရှိုင်းနှင့် မတွေ့ရတော့သလို ဖုန်းခေတ်မဟုတ်၍ အဆက်အသွယ်လည်း မရှိခဲ့။ ကျွန်တော် တက္ကသိုလ်

m g y o e . c o m SAMPLE BOOK

ရောက်သည်အထိ ကိုရှိုင်းနှင့် အဆက်အသွယ် မရှိသေး။ အမှန်အတိုင်း ပြောရလျှင် သတိပင် မရခဲ့ချေ။ သို့သော် ရံဖန်ရံခါ ကိုရှိုင်းနှင့် နာမည်တူ Account များကိုတွေ့လျှင် ကိုရှိုင်းအထင်ဖြင့် ဝင်ကြည့်မိသည်။ ကျွန်တော် ကျောင်းဆရာဘဝရောက်မှ ကိုရှိုင်းနှင့် အဆက်အသွယ် ပြန်ရခြင်း ဖြစ်သည်။

ယခု လူချင်းတွေ့ရန် အကြောင်းဖန်လာသောကြောင့် ကိုရှိုင်းကို ဖုန်းဆက်၍ ခေါ်လိုက်ရာ ချက်ချင်းပင် ရောက်ချလာပါသည်။ လက်ထဲတွင် လည်း ထမင်းဟင်း ပါဆယ်ဘူးများ ဆွဲလာ၏။

"မင်းတို့ ဗိုက်ဆာနေမှာစိုးလို့ တစ်ခါတည်း ဝယ်လာတာ၊ လိုတာပြောကွာ၊ ငါ သွားဝယ်ပေးမယ်"

ကျွန်တော်က ကိုရှိုင်းကို ဘာစကားမျှ မပြောဖြစ်သေးဘဲ စေ့စေ့ ကြည့်နေမိသည်။ ဒီမျက်နှာ၊ ဒီအပြော၊ ဒီစကား၊ ဒီလေသံ။ အားလုံးကို ကိုးတန်း၊ ဆယ်တန်းကတည်းက ရင်းရင်းနှီးနှီး ကြားဖူးခဲ့၊ မြင်ဖူးခဲ့သည်။ ယခုလည်း ဒီအတိုင်း။ ကိုရှိုင်းသည် ဘာမျှမပြောင်းလဲ။ ဟိုယခင်ကလို ခေါင်းတုံးကေနှင့်ပဲ ဖြစ်သည်။ စကားပြောလျှင် ဟောဟောဒိုင်းဒိုင်း အကျင့်က ယခုထိ မပျောက်သေး။ ဖျောက်ရန် ပြင်ရန်လည်း စဉ်းစားမည့်ပုံ မပေါ်။ ဆယ်တန်းတုန်းကအတိုင်း ကိုယ်လုံးပြည့်ပြည့်၊ ဝဝတုတ်တုတ် ရှိနေဆဲ။ လည်ပင်းက ရွှေဆွဲကြိုးနှင့် သူ့လည်ပင်း ပြည့်ပြည့်ဖောင်းဖောင်းမှာ ပန်းရလှ၍ ဓာတ်ပုံရိုက်ယူပြီး ရွှေဆိုင်တွင် ကပ်ထားချင်စရာပင် ကောင်းလှ သည်။

"လိုတာပြောရမယ်ဆိုရင် ရေချိုးဖို့ အဝတ်မရှိတာက စရမှာပဲ သူငယ်ချင်းရေ၊ ခိုးလမ်းကနေ ကူးလာကတည်းက ပါသမျှ အဝတ်ထုပ်တွေ ထားခဲ့ရတာဆိုတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲ ကျန်တယ်၊ ငါက ယောကျ်ားလေးဆိုတော့ ကိစ္စမရှိပါဘူးကွာ၊ စိမ့်ကတော့..."

ကျွန်တော်က စိမ့်ကိုကြည့်၍ ပြောလိုက်ရာ ကိုရှိုင်းကလည်း စိမ့် ရှိရာဆီ လှမ်းကြည့်လေသည်။ ထို့နောက် ပြုံးဖြီးဖြီးဖြင့် "မင်းက မိန်းမ ချောချောလေး ရှာတတ်သားပဲ" ဟု ကျွန်တော့်ကို စနောက်ရင်း ချီးမွမ်း ထောမနာ ပြုလေသည်။ ကျွန်တော်လည်း ရှက်ကိုးရှက်ကန်းဖြင့် ပြုံး၍သာ နေလိုက်သည်။

"ကဲပါ၊ ရော့၊ လောလောဆယ် တစ်ထောင်ယူထား၊ နောက်မှ အဆင်ပြေလည်းပေး၊ မပြေလည်း မပေးနဲ့ပေါ့"



m g y o e . c o m

mgyoe.com SAMPLE BOOK

ကိုရှိုင်းက ကျွန်တော့်လက်ထဲ ယွမ်တစ်ထောင်ကို ထိုးပေးသည်။ ယွမ်တစ်ထောင် ဟူသော ပမာဏသည် ထမင်း တစ်လစာမျှ ဗိုက်ရိုက်စား၍ ရကြောင်း ကိုရှိုင်းက ပြောလိုက်သေးသည်။ ထိုမျှလောက် များပြားသော ငွေကို ပြန်ရ၊ မရ မသေချာဘဲ အတင်းထိုးပေးသည့် ကိုရှိုင်းကိုကြည့်ပြီး ကျေးဇူးတင် အံ့သြရသည်။

"အလုပ်လေးဘာလေး ရှိရင်လည်း ခေါ်ဦးကွ၊ မင်းက ရောက်နေတာ ကြာပြီဆိုတော့ ဘယ်နားမှာ ဘာရှိတယ်၊ ဘာလိုတယ်ဆိုတာ သိတယ်၊ ငါတို့ကတော့ ခုမှရောက်တာဆိုတော့ ဘာမှကို မသိသေးဘူး၊ ဘယ်မှလည်း မရောက်ဖူးသေးဘူး"

ကျေးဇူးတင်စိတ်ကို ခေတ္တဘေးချ၍ အရေးကြီးသည့် အလုပ်ကိစ္စဘက်ကို ခြေဦးလှည့်ရသေး၏။ ဒီနိုင်ငံကို ရောက်လာသည့် အဓိက ရည်ရွယ်ချက်က အလုပ်ရရှိရေး၊ ငွေရှာနိုင်ရေး မဟုတ်လား။

"ခုမှ ရောက်တယ်၊ အဲဒါတွေ အသာထားစမ်းပါကွာ၊ မင်းတို့က တရားဝင် လာရတာ မဟုတ်တော့ ချက်ချင်းကြီး အပြင်ထွက်လို့ မရသေးဘူး၊ တစ်ပတ်လောက်တော့ ဒီမှာပဲ နေလိုက်ဦး၊ စိတ်ချရပြီဆိုမှ ငါ အလုပ်ရှာပေးမယ်"

ကိုရှိုင်းက စကားစကို ဖြတ်ထားလိုက်ပြီး ကျွန်တော့်ကို သေချာကြည့်ကာ ပြောလိုက်သေးသည်။

"မင်းလည်း အရင်လိုပဲ ဘာမှ မပြောင်းလဲဘူးနော်"

"ဘယ်နေရာ မပြောင်းလဲတာလဲဟ၊ မိန်းမတောင် ရနေပြီ၊ အဲဒါ ပြောင်းလဲတာ မဟုတ်ဘူးလား"

ကျွန်တော်က ရယ်ကျဲကျဲလုပ်ရင်း ပြောလိုက်ရာ စိမ့်က ကျွန်တော့်ခါးကို လိမ်ဆွဲလေသည်။

"မဟုတ်ဘူးလေ၊ စိတ်နေစိတ်ထား၊ ပုံစံအနေအထားကို ပြောတာ၊ ကျောင်းတုန်းကလည်း ဒီဆံပင်ပုံစံပဲ၊ ဒီခန္ဓာကိုယ်ပဲ၊ ရိုးရိုးကုပ်ကုပ် ဘာမှ မသောက်မစား၊ အဲဒါကို ပြောတာ"

ကျွန်တော့်ကိုသာ ပြောနေသည်။ ကိုရှိုင်းလည်း ဘာမျှ သောက်စားတတ်သည့် လူစားမျိုးမဟုတ်။ ဆေးလိပ်၊ ကွမ်းယာ၊ ဘီယာ၊ အရက် ဘာဆိုဘာမျှ မလိုက်စား။ စီးပွားရေး တစ်ခုတည်းကိုသာ လိုက်စားပုံရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုရှိုင်းနှင့် နာရီဝက်ခန့် ရှေးဟောင်းနှောင်းဖြစ်များ ပြောပြီးနောက် သူဌေးက ဆူမည်စိုး၍ ပြန်ဦးမည်ဆိုကာ ကိုရှိုင်း ပြန်သွား၏။ ပြန်ခါနီးမှာ ကိုရှိုင်းက ကျွန်တော့်ကို မှာဖြစ်အောင် မှာသွားသေးသည်။

"ဒီကြားထဲမှာ အချိန်လုပြီး တရုတ်စကားလေး ဘာလေး လေ့လာထားဦး"

ကိုရှိုင်း ပြန်သွားပြီးနောက် လုပ်စရာလည်း မည်မည်ရရမရှိ၍ နှစ်ယောက်သား အသာထိုင်နေရသည်။ နေကလည်း အတော်ပူသောကြောင့် အိုက်စပ်စပ် ရှိလာသည်။ သို့သော် ရေချိုး၍ မရသေး။ အဝတ်လဲစရာ ကျွန်တော့်တွင် အပိုမရှိ။ စိမ့်တွင်လည်း အဝတ်ပိုမရှိ။ အပြင်ထွက်၍ ဝယ်မည်ဆိုသော်လည်း နေရာဌာနများကို မသိ။ ကြံမရသည့် နောက်ဆုံး၌ သူငယ်ချင်း ကိုရှိုင်းကိုပင် လှမ်း၍ အပူကပ်ရသည်။ ကိုရှိုင်းကလည်း အနွံအတာ ခံပါသည်။ ဈေးထဲဝင်၍ ကျွန်တော့်အတွက်ရော စိမ့်အတွက်ပါ အဝတ်အစားများ ဝယ်လာပေး၏။

ထို့နောက် စိမ့်ကိုခေါ်၍ အောက်ထပ်မှာ ရေဆင်းချိုးရသည်။ ဆောက်လက်စ အအောက်အအုံ ဖြစ်သောကြောင့် သံချွန်သံစများ၊ သစ်တိုသစ်စများ၊ သွပ်ပြားစများကို မနည်းရှောင်ကွင်း၍ သွားရသည်။ အဆောက်အအုံထဲတွင် နေကြသူ အများစုမှာ ယောကျာ်းသားများ ဖြစ်သည်။ မိန်းမသား အနည်းစုမှာမူ အလုပ်လက်မဲ့များ ဖြစ်သည်။ အထူးသဖြင့် ထိုမိန်းမသားများသည် ယောကျာ်းသားများ၏ ဇနီးမယားများပင် ဖြစ်ကြသည်။

အောက်ထပ်ကိုဆင်းသည့် လှေကားမှာ ဟာလာဟင်းလင်းကြီး ဖြစ်၏။ လက်ရန်းပင် မတပ်ရသေး။ ဘေးကို ချော်ကျမည် စိုးသောကြောင့် မနည်း သတိထား ထိန်းဆင်းရသည်။ ရေချိုးသည့် နေရာတစ်ဝိုက်တွင် အဆက်မပြတ် ရေချိုးသူများကြောင့် ရေများ အိုင်နေသဖြင့် ရွံ့ဗွက်များပင် ပေါက်နေလေသည်။ ထိုအိုင်နေသော ရေထဲ၌ လမ်းဖြတ်ကူးရန်အလို့ငှာ ကျောက်တုံး လေး၊ ငါးလုံးမျှ ချထား၍သာ တော်ပါသေးသည်။

စိမ့်က ထဘီရင်ရှားဝတ်ပြီး မျက်နှာသုတ်ပဝါရှည်ကြီးကို လွှမ်းထားသည်။ ကျွန်တော်က ကိုရှိုင်း ဝယ်လာပေးသည့် ကိုယ်သုံးဆပ်ပြာဘူးကို ပလတ်စတစ်အိတ်ထဲ ထည့်၍ သယ်လာသည်။ အောက်ထပ်ရှိ ယောကျာ်းသား အနည်းစုမှာ မမြင်ဖူးသည့်အလား ကျွန်တော်တို့ကို ကြည့်နေကြသည်။ စိမ့်က ရွံ့ဗွက်များကိုသာ အာရုံစိုက်၍ ကျော်လွှားနေသည်။

mgyoe.com SAMPLE BOOK

စိမ့် စိတ်ထဲတွင် ရှက်နေမည်လော၊ အားငယ်နေမည်လော ကျွန်တော် မသိပါ။ သူစိမ်းယောကျ်ားသားများရှေ့တွင် ထဘီရင်ရှားနှင့် ရေချိုးသည့် မိန်းမငယ်လေးများကို ရွာတွင် မြင်ဖူးပါသည်။ သို့သော် မိန်းမငယ်လေးများမှာ ချိုးနေကျဖြစ်၍ ကိစ္စရှိမည် မဟုတ်သော်လည်း စိမ့်မှာမူ အိမ်တွင်နေစဉ်ကတည်းက တစ်ယောက်တည်းသာ ရေချိုးဖူးသည် ဟု ပြောဖူးသည်။ ကျွန်တော်ကလွဲ၍ သူစိမ်းယောကျ်ားသားရှေ့၌ တစ်ခါမျှ ရေမချိုးဖူးသည့် စိမ့်ကိုကြည့်ပြီး ဘာပြောရမှန်းပင်မသိ။ စိမ့်ကတော့ ဘာမျှ တွေးပုံမပေါ်။ တစ်စုံတစ်ခုကိုသာ သည်းကြီးမည်းကြီးလိုက်ရှာနေလေသည်။

“ကို၊ ခပ်ချိုးစရာ ခွက်လည်း မရှိဘူး”

ရေဇလားတွင် ခပ်ချိုးစရာဘာမျှမရှိ။ ကျွန်တော်တို့ရှေ့တွင် ရေချိုးနေသည့် ဦးလေးကြီးမှာ ပန်းရန်သမားတွေ ဆောင်းလေ့ဆောင်းထ ရှိသည့် ကော်ဦးထုပ်ကြီးနှင့် ခပ်၍ ချိုးနေသည်။ ခဏကြာသော် ထိုဦးလေး ကြီးက “ရော့၊ ဒါနဲ့ချိုး” ဟု ဆို၍ ဦးထုပ်ကြီးကို လှမ်းပေးပြီး ထွက်သွားလေသည်။

“ကဲ၊ စိမ့်ရေ၊ ဟောဒီဟာကြီးက ဖလားထက် ရေပိုပါသကွ”

စိမ့်က တစ်ခါမှ မကြုံဖူးသည့်အလား ဟက်ဟက်ပက်ပက် ထရယ် လေသည်။ ရေချိုးရသည်မှာ အရသာ ရှိလှသည်။ အိုက်စပ်စပ်၊ ပူလောင် လောင် ဖြစ်နေသည့် ခန္ဓာကိုယ်ကို ရေတစ်ခွက် လောင်းလိုက်ရာ မီးခဲပေါ် ရေကျသကဲ့သို့ ရှဲခနဲပင် ထမြည်လေသည်။

ဒီရေက အဝီစိမှ လာသလား၊ မဲခေါင်မြစ်ထဲမှ လာသလား ကျွန်တော် စဉ်းစားမအားနိုင်။ အေးစိမ့်စိမ့်အရသာကို တရှိုက်မက်မက် ခံစားနေရ၍ ရပ်ပင်မရပ်ချင်။ သို့သော် နောက်တွင် တန်းစီစောင့်နေကြသည့် အလုပ်သမားများကလည်း ရှိနေသောကြောင့် သွက်သွက်ချိုးပြီး ရပ်ထား လိုက်ရသည်။ စိမ့်က ညရောက်လျှင် ထပ်ချိုးဦးမည်ဟု ကြုံးဝါးနေသေး၏။

ညနေ ငါးနာရီပင် ကျော်နေလေပြီ။ လူက နေသော်လည်း ဗိုက်က မနေသောကြောင့် ညစာအတွက် ကြံရဖန်ရပြန်သည်။ ‘ချက်တတ်ရင် ချက်စား’ ဟူသော ပွဲစားကောင်လေး၏ စကားကို ပြန်ကြားသောကြောင့် စိမ့်ကို ထမင်းချက်ရန် ဆော်ဩရသည်။

“ကို၊ ဆန်တော့ နည်းနည်းရှိတယ်၊ ဟင်းချက်ဖို့က ဘာမှလည်း မရှိဘူး၊ ဟိ”

ဆန်ထည့်သည့် ပုံးထဲတွင် ဆန် ငါးဘူးစာလောက် ရှိသေးသော်



mgyoe.com

mgyee.com SAMPLE BOOK

လည်း ဟင်းချက်ရန်မှာမူ မည်မည်ရရ ဘာမျှမရှိ။ ထိုအခြင်းအရာကို ကြည့်ခြင်းအားဖြင့် ပွဲစားကောင်လေး၏ စားဝတ်နေရေး အခြေအနေကို ရိပ်မိနိုင်လိုက်သည်။

ဒီအဆောက်အအုံထဲရှိ အလုပ်သမား အားလုံးလိုလိုက ဒီအတိုင်းပင် ဖြစ်သည်။ တောက်တောက်ပြောင်ပြောင် မရှိ။ စိုစိုပြည်ပြည် မရှိ။ မြန်မာပြည်က အလုပ်သမားများက တော်ပါလိမ့်ဦးမည်။ ကောင်းကောင်းမွန်မွန် စားရသည်။ ကောင်းကောင်းမွန်မွန် အိပ်ရသည်။ ကျွန်တော်တို့ စိတ်ကူးထဲတွင် ပုံဖော်ထားသည့် နိုင်ငံခြားသည် ဒီလိုမျိုး မဟုတ်။ အရာရာ သာလွန်သော၊ အရာရာ ကောင်းမွန်သော၊ လူနေမှု အဆင့်အတန်း မြင့်သော စသည်စသည်တို့ ပြည့်နှက်နေသည့် နေရာဖြစ်သည်။ ယခုသော် စိတ်ကူးထဲကနှင့် အပုံကြီး ကွာခြားလှသည်။ ဘာကြောင့် ဒီလိုမျိုးနေရာတွင် ဒီလိုမျိုးအလုပ် လုပ်နေရသနည်းကိုမူ ကျွန်တော် စဉ်းစား၍ မရနိုင်။

သူငယ်ချင်းကိုရှိုင်း ကျွန်တော့်ဆီ လာစဉ်က အဆင်ပြေပုံရသည်။ တောက်တောက်ပြောင်ပြောင်၊ စမတ်ကျကျ။ ငွေ ဘာညာပင် ပေးနိုင်ကမ်းနိုင်သည်။ ဘာကြောင့်နည်း။ ပန်းရန်အလုပ်သမားများနှင့် ကိုရှိုင်း အကြားက ကွာခြားချက်မှာ ဘာဖြစ်မည်နည်း။

"ထမင်းပဲ ချက်ထားပြီး ဟင်းကိုတော့ အောက်ထပ်မှာ ဆင်းဝယ်ရအောင် ကို"

စိမ့်အသံကြားမှ ကျွန်တော်လည်း အတွေးလွန်နေရာမှ သတိပြန်ဝင်လာသည်။

"ဟင်းရောင်းတဲ့ဆိုင်ကို စိမ့်က တွေ့ထားလို့လား"

"အာ၊ ကိုကလည်း၊ စိမ့်တို့ ရေချိုးတုန်းက ဟိုဘက်မှာ ဆိုင်လေး တစ်ဆိုင် တွေ့တယ်၊ ဟင်းလည်း ရောင်းတယ် ထင်တယ်၊ သွားကြည့်ကြတာပေါ့"

"စိမ့်သဘော၊ မဟုတ်လည်း စားစရာမှ မရှိတာ၊ ဟင်းမရှိရင်တောင် စားစရာ တစ်ခုခုတော့ ရလောက်မှာပဲ"

စိမ့်နှင့်ကျွန်တော် အောက်ထပ်သို့ ဆင်း၍ ဟင်းဝယ်သည်။ မြေညီထပ်တွင် ရေများက အပြည့်။ ပေါင်းပင်ငယ်များက အစီအရီ။ ၎င်းရေထဲတွင် ဆင့်လေးထိုး၍ ဟင်းရောင်းနေသည့် ဆိုင်ငယ်လေးကို တွေ့ရသည်။ ဟင်းဆိုင်ဟူ၍ သပ်သပ်ရပ်ရပ်တော့ မဟုတ်။ ညစ်ပတ်ပေရေနေသည့်

mgyee.com

mgyoe.com SAMPLE BOOK

ရေအလယ်တွင် ဆင့်ထိုး၍ ရောင်းရသော ဆိုင်ငယ်လေးအနေဖြင့် ဘယ်သို့ သပ်ရပ်နိုင်မည်နည်း။

အမဲသား၊ ကြက်အမြစ် ကြက်အသည်း၊ ဝက်သား စသည့်ဟင်းများ ရသော်လည်း ဘေးပတ်ပတ်လည်ရှိ တစီစီ ပျံသန်းနေသော ယင်ကောင်ကြီးငယ်များကို ကြည့်ပြီး ကျွန်တော် တွေဝေသွားမိသည်။ ဆိုင်ရှင်အန်တီကြီးက ယပ်တောင်ဖြင့် မောင်းထုတ်သော်လည်း ဖွဲနပဲကြီးသော ယင်များမှာ ပျံလိုက်နားလိုက်ပင်။ ကျွန်တော်တို့လည်း မတတ်သာသည့်အဆုံး နှစ်ဦးသဘောတူပင် ကြက်မြစ်ကြက်သည်းဟင်း တစ်ဆယ်ဖိုး ဝယ်လာခဲ့ရသည်။

ထိုညက ဗိုက်ဆာနေ၍လားမသိ။ စားရ မြိန်လှသည်။ စိမ့်ကတော့ အဆာပြေရုံလောက်သာ စားသည်။ အိပ်ရာဝင်တော့လည်း တော်တော်နှင့် အိပ်မပျော်။ ပူအိုက်လွန်းလှသည်။ စိမ့်နှင့် စကားပြောလိုက်။ ဖုန်းကြည့်လိုက် လုပ်နေရသည်။ ဟိုဖက်ခြမ်းက အလုပ်သမားများမှာ မိုက်ကြီးတကားကားနှင့် သီချင်းအော်ဆိုနေသည်။ ထိုခဏ၌ ကျွန်တော့်စိတ်တွင် ငါရောက်နေတာ နိုင်ငံခြားမှ ဟုတ်ပါလေစ၊ မြန်မာပြည်များ ပြန်ရောက်နေသလား ဟူသောအတွေးပင် ဝင်လာမိသေး၏။ အားလုံးက မြန်မာဆန်လှသည်။ မြန်မာဆန်သည် ဆိုသည်မှာ ဆင်းရဲသားရပ်ကွက်ဆန်ခြင်းကို ဆိုလိုခြင်း ဖြစ်သည်။

အိပ်ရာဝင်ပြီး၍ ခဏကြာသောအခါ စိမ့်က အပေါ့သွားချင်သဖြင့် အဖော်လိုက်ခဲ့ပေးရန် ပြောလာသည်။ ဆောက်လက်စ တိုက်ကြီးဖြစ်၍ လျှပ်စစ်မီး လုံလုံလောက်လောက် မရှိ။ ဟိုနေရာက မည်းမည်း၊ ဒီနေရာက မှောင်မှောင်သာ ဖြစ်လေသည်။

"ငါ့ညီ၊ အိမ်သာက ဘယ်နားမှာလဲ"

ကျွန်တော်က ပွဲစားကောင်လေးကို မေးလိုက်သည်။

"အိမ်သာမရှိဘူးဒီမှာ၊ တစ်လုံးတော့ရှိတယ်၊ ဒါပေမဲ့ မကောင်းဘူး"

ပွဲစားကောင်လေးက အားနာဟန်ဖြင့် မပွင့်တပွင့်ပြုံး၍ ဖြေသည်။ သူ့ခေါင်းထဲလည်း အကျပ်ရိုက်သွားပုံ ပေါ်ပါသည်။

"ဒါဆို အပေ့ါအလေးသွားတော့ ဘယ်လိုသွားလဲ"

"အဲ ဟို၊ သူများတွေတော့ မသိဘူးဗျ၊ ကျွန်တော်ကတော့ ကြုံသလို ဖြေရှင်းလိုက်တာပဲ၊ တစ်ခါတလေကျတော့လည်း အလုပ်ထဲက အိမ်သာမှာ သွားတက်တာပေါ့"

mgyoe.com SAMPLE BOOK
"ဟော"

"ဘာမှမဖြစ်ပါဘူးဗျာ၊ ညဆိုရင် ဒီလိုပဲ ကြုံသလို ဖြေရှင်းကြတဲ့ လူချည်းပဲ၊ အပေါ့သွားချင်ရင် အောက်ထပ်ဆင်း၊ လွတ်တဲ့နေရာ ဆော်ထည့်လိုက်၊ လှေကားပေါ်ကနေ လွှတ်ထည့်လိုက်လည်း ရတယ်၊ ဘာအကာအကွယ်မှ မရှိဘူး အေးဆေးပဲ၊ မီးအလင်းရောင်လည်း မရှိဘူး၊ စိတ်ရှိလက်ရှိသာ လွှတ်"

ပွဲစားကောင်လေးက စကားပြောရင်း အားပါလာပုံ ရသည်။ အိပ်လျက် ဖုန်းကြည့်ရင်း ပြောနေရာက ထထိုင်လိုက်၏။

"ယောက်ျားလေး အနေနဲ့ကတော့ ထားပါ၊ မိန်းကလေးတွေ ကျတော့ရော"

"ဒီမှာက ယောက်ျားလေး၊ မိန်းကလေး ခွဲမထားဘူး၊ အားလုံး အတူတူပဲဗျ၊ ဘာမှ မဖြစ်ပါဘူးဗျာ အစ်ကိုကလဲ၊ ဒီတိုက်ထဲက ယောက်ျား၊ မိန်းမ အကုန်လုံး ဒီလိုနည်းနဲ့ပဲ အဆင်ပြေနေကြတာ၊ အိမ်သာ ဘယ်မှာလဲ မေးတာ အစ်ကိုတို့ ပထမဆုံးပဲ"

"အေး၊ ကောင်းရောဟေ့၊ ခွေးလုံးလုံး ဖြစ်တာပဲ"

ရယ်စရာလား၊ ငိုစရာလားပင် ခွဲခြားမသိတော့ပါ။ ရောမရောက်လျှင် ရောမလိုကျင့်ရန် စိမ့်နှင့် ကျွန်တော် မျက်လုံးချင်း တိုင်ပင်လိုက်ပါသည်။ စိမ့်ကလည်း ပြတ်ပြတ်သားသား လက်ခံပါသည်။ လက်မခံလျှင်လည်း ရွေးစရာ မရှိ။ ဘာတတ်နိုင်မည်နည်း။

"ကဲ၊ ကိုရေ၊ အဲဒါဆိုလည်း မတတ်နိုင်ဘူး၊ စိမ့်တော့ သူပြောသလို လုပ်ရတော့မှာပဲ၊ မနေနိုင်တော့ဘူး၊ လာ၊ သွားမယ်"

စိမ့်က မအောင့်နိုင်တော့ကြောင်း ပြောလာရာ ကျွန်တော့်မှာ ပတ်ဝန်းကျင် အနေအထားကို တစ်ချက်ကြည့်ရသည်။ အခြေအနေ မကောင်းသေး။ မီးရောင် မှိန်ပျပျ ဆိုသော်လည်း နည်းနည်းတော့ မြင်နေရသေးသည်။ သီချင်းအော်ဆိုသူက ဆိုနေသောကြောင့် သီချင်းသံ စဲအောင် မနည်း စောင့်နေရသည်။ မတော်၍ ကိစ္စဝိစ္စ ရှင်းနေတုန်း သီချင်းဆိုနေသည့် လူတွေများ ရောက်လာလျှင် ကိုယ်ကျိုးနည်းရချည့်။

ဆယ့်ငါးမိနစ်ခန့်ကြာတော့ ည ဆယ်နာရီခွဲသွားလေပြီ။ သီချင်းသံလည်း စဲသွားပြီ။ တချို့လည်း အိပ်မောကျနေပြီ။ တချို့လည်း ဖုန်းကြည့်နေကြသည်။ သို့သော် အောက်ထပ်တွင် မှောင်မည်းနေ၍ ဘာကိုမျှ


mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းကောင်း မမြင်ရ။ ကျွန်တော်က စိမ့်ကို လက်တို့ပြီး ကြွက်ကို ကြောင်ချောင်းသကဲ့သို့ ပတ်ဝန်းကျင်ကို ချောင်းကြည့် အကဲခတ်လိုက်ပြီးမှ အခြေအနေကောင်းကြောင်း လက်မထောင်ပြလိုက်သည်။

"လာ၊ လာ၊ ကို ဒီအပေါ်မှာ စောင့်နေမယ်၊ စိမ့်က ဟောဟို လှေကားရင်း အနားသွား"

ဒီအချိန် အခါသမယသည် ကျွန်တော်တို့အတွက် အခွင့်ကောင်း အခါကောင်း ဖြစ်သည်ဟု ယူဆပြီးလျှင် စိမ့်ကို အောက်ထပ်ဆင်း၍ အပေါ့သွားခိုင်းသည်။ ကျွန်တော်က လှေကားထိပ်တွင် ကင်းစောင့်တာဝန် ယူထားရင်း စိမ့်ဆီက သတင်းစကားကို နားစွင့်နေသည်။ ပထမဆုံးအကြိမ် ဆိုသော်လည်း လူသူလေးပါး သွားလာခြင်းမရှိ၍ အဆင်ပြေကြောင်း စိမ့်ဆီက ကြားသိရသောကြောင့် ကင်းသမားလေး ကျွန်တော့်မှာ ဝမ်းသာရပါသည်။ ထို့နောက်များတွင်လည်း ယခုကဲ့သို့ပင် မိမိကိစ္စများကို ဖြေရှင်းရသည်ချည်း။

ညအချိန်တွင် ထိုနည်းဗျူဟာသည် အဆင်ပြေသော်လည်းနေ့လယ်နေ့ခင်း လင်းလင်းကျင်းကျင်းရှိသည့်အချိန်တွင်မူ အဆင်မပြေ။ ကျွန်တော်နှင့် စိမ့်မှာ ရေကို သောက်ချင်တိုင်းလည်း မသောက်ရဲ။ အစား အစာကိုလည်း စားချင်တိုင်း မစားရဲ။ အခန့်မသင့်၍ အလေးစွန့်ချင်လျှင် အခက်ကြုံမည်ကို စိုးမိသောကြောင့် ဖြစ်ပါသည်။ ရောက်သည့်နေ့ကစ၍ လေးရက်တိတိ အိမ်သာသွားချင်စိတ်ကို ဖျောက်၍နေရသောကြောင့် ဝမ်းပင် ချုပ်နေလေပြီ။

မိန်းမသားဖြစ်သည့် စိမ့်အနေဖြင့် မိန်းကလေးကိစ္စများ ထိုလေးရက်အတွင်း ဖြစ်ပေါ်မလာ၍ ထိုင်ရှိခိုးချင်လောက်အောင် စိမ့်ကို ကျေးဇူးတင်နေမိသည်။ မဟုတ်လျှင် မည်မျှ အခက်တွေ့မည်နည်း။

တစ်ပတ်ခန့် ကြာပြီးနောက်တွင်မူ ကျွန်တော်တို့နေသည့် နေရာကနေ ငါးမိနစ်မျှ လျှောက်လိုက်လျှင် အိမ်သာတစ်လုံးရှိကြောင်း ညီငယ်တစ်ယောက်ဆီက ကြားသိရသည်။ ကျွန်တော့်အဖို့ ထိုသတင်းသည် စိမ့်ဆီက အဖြေရခဲ့စဉ်ကထက်ပင် ပို၍ ပျော်စရာကောင်းသည်ဟု ထင်လိုက်မိသည်။ စိမ့်ခမျာလည်း ထိုစကားကို ကြားလျှင်ကြားချင်း ဆတ်ခနဲထ၍ အိမ်သာရှိရာဆီ ကျွန်တော့်ကို ဆွဲခေါ်သွားလေတော့သည်။ သူခေါ်လျှင်လည်း ခေါ်လောက်ပါပေသည်။ အိမ်သာမတက်ရသည်မှာ တစ်ပတ်ပင် ရှိနေပြီ မဟုတ်လား။

■



mgyoe.com

mgyoe.com SAMPLE BOOK

# ( ၂ )

ဇွန်လထဲသို့ ချဉ်းနင်းဝင်ရောက်လာလေပြီ။ ကောင်းကင်တွင် မိုးသားတိမ်လိပ်တို့ ပြည့်ကျပ်နေဆဲ။ မေလ တစ်လလုံး ပူခဲ့သည့် အပူသည် ရုတ်ချည်းဆိုသလို လျော့ပါးစ ပြုလာ၏။ ထိုအချိန်အထိလည်း ကျွန်တော်နှင့် စိမ့်မှာ အလုပ်ဟူ၍ မည်မည်ရရ မရှိသေး။ ပွဲစားကောင်လေးက ဟိုအလုပ် ထဲ ထည့်ပေးမည်၊ ဒီအလုပ်ထဲ ထည့်ပေးမည် ဟူ၍ မျှော်လင့်ချက်သာ ပေးနေသည်။ အကောင်အထည်ကား မပေါ်သေး။ ကျွန်တော်နှင့် စိမ့်က ကိုယ်တိုင် အလုပ်လိုက်လျှောက်မည် ကြံစည်ပြီးမှ စီးစရာယာဉ်လည်း မရှိသဖြင့် အိပ်လိုက်စားလိုက်ဖြင့်သာ နှစ်ပါးသွားကနေရသည်။

သူငယ်ချင်းကိုရှိုင်းက အပြင်သို့ တစ်ခါထွက်တိုင်းမှာ သူ့ဒွေးကို အစီရင်ခံရသဖြင့် အလွယ်တကူ ထွက်ဖို့ မလွယ်ကြောင်း သတင်းပို့သည်။ ကျွန်တော်က မဖြစ်မနေ အကူအညီတောင်းမှသာ ရောက်လာတတ်သည်။ တစ်ရက်ပြီးတစ်ရက် အိပ်လိုက်စားလိုက် ရှိနေရသဖြင့် ဖိမ်ကျသည်ဟု ထင်ကောင်းထင်ပေလိမ့်မည်။ ဝင်ငွေမရှိဘဲ ထွက်ငွေသာ ပုံမှန်ရှိနေသည့် လူနှစ်ယောက်အဖို့ အဆင်ပြေမှု ဟူသည် အဘယ်မှာ ရှိပါမည်နည်း။

"အစ်ကိုတို့က ဘယ်ဇာတိလဲဗျ၊ ဒီရောက်ကတည်းက သေချာ



mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်နေတာ၊ အစ်ကိုတို့ အလုပ်မရသေးဘူးထင်တယ်”

ကောင်လေးတစ်ယောက်။ အသက် ဆယ့်ကိုးနှစ်ဝန်းကျင်မျှသာ ရှိဦးမည်။ ဒီကောင်လေးက အသက်ငယ်သော်လည်း တစ်ကိုယ်တည်းသမား မဟုတ်။ သူ့နံဘေးတွင် မိန်းမဖြစ်သူလည်း ရှိသောကြောင့် ဒီခေတ်ကလေး တွေ လက်သွက်လှပါကလားဟု အံ့သြမိရပြန်သည်။ သူ့အရွယ်တွင် ကျွန်တော်သည် ပညာရေးကောလိပ်၌ စာလုပ်လိုက်၊ ကဗျာရေးလိုက်သာ အချိန်ကုန်နေရသည်။ ခေတ်တွေ ကွာသွား၍လား သို့မဟုတ် မြေစာပင် ပုခက်လွှဲချိန် နီးကပ်လာ၍လား မပြောတတ်။

“အစ်ကိုက နတ်မောက်ကပါ၊ သူကတော့ မိုးကုတ်က”

ကျွန်တော်က စိမ့်ကို မေးငေါ့ပြပြီး ဖြေလိုက်သည်။

“ဪ၊ ဒါကြောင့် နတ်မောက်ရုပ်နဲ့ တူပါတယ်လို့ ကြည့်နေတာ၊ ကျွန်တော်လည်း နတ်မောက်၊ ရွာဘက်ကပဲ၊ လဲဘူး သိတယ်မဟုတ်လား၊ သူကတော့ ကျောက်ပန်းတောင်းက”

သူ မိတ်မဆက်ခင်ကတည်းက နတ်မောက်သားမှန်း ကျွန်တော် လည်း ရိပ်မိသလိုလိုရှိပါသည်။ စကားပြောလျှင် တနင့်သ မကွဲသည်က တစ်ကြောင်း၊ အသားညိုပြာပြာ ရှိသည်ကတစ်ကြောင်းကြောင့် ရိပ်မိခြင်း ဖြစ်သည်။ သူပြောသည့် လဲဘူးရွာဟူသည် ယခင်က အစဉ်အလာနှင့် ဖြစ် သည်။ လဲဘူးမဂ္ဂဇင်းဟု ပြောလိုက်လျှင် နတ်မောက်တစ်မြို့လုံး မသိသူရှားသည်။ ယခုတော့ လဲဘူးမဂ္ဂဇင်းလည်း မထွက်တာ ကြာပြီ။ ဘာကြောင့် ရပ်လိုက်သည် မသိပေ။

ကောင်လေးက သူ့နာမည် ထွန်းဝေဖြစ်ကြောင်း၊ သူ့ဇနီးနာမည် ပန်းနွယ်ဟု ခေါ်ကြောင်း၊ လာအိုကို ရောက်လာသည်မှာ မကြာသေး ကြောင်း၊ အလုပ်မရသေးသဖြင့် ရှာနေရကြောင်းများကို တစ်ထိုင်တည်း လိပ်ပတ်လည်အောင် ရှင်းပြသွားသောကြောင့် ကျွန်တော့်မှာ မမေးပါဘဲနှင့် စကားရခဲ့ရလေသည်။ ထွန်းဝေ၏ မိန်းမဖြစ်သူ ပန်းနွယ်မှာ ငယ်ငယ်ရွယ်ရွယ် နှင့် နိုင်ငံခြားထွက်လာ၍ သူ့အမေက စိတ်ချဟန်မရှိ။ ညစဉ်ညတိုင်း ဖုန်းထဲကနေ သူ့အမေ၏ တတွတ်တွတ် မှာသံကို အတိုင်းသား ကြားရ တတ်သည်။

ထွန်းဝေနှင့် ပန်းနွယ်က အသွင်တူ၍ အိမ်သူဖြစ်လာကြသူများပီပီ နှစ်ယောက်စလုံးမှာ ခြိုးခြံချွေတာတတ်သည့် လူစားမျိုး ဟုတ်ပုံမရပေ။



mgyoe.com

mgyoe.com SAMPLE BOOK
ရောက်ကတည်းက သူတို့နှစ်ယောက်ကို ကျွန်တော် အကဲခတ်မိသည်။ ပူအိုက်သည့်နေ့ဆိုလျှင် အအေးဝယ်သောက်တတ်သည်။ အပြင်သို့ တစ်ခါထွက်လျှင် လမ်းကြုံသည်ဆိုကာ အဝတ်အစားတွေ ဝယ်လာတတ်သည်။ တစ်ခါတစ်ရံ သူတို့ဘာသာ ဝယ်ခြမ်းရတာ အားမရ၍ ကျွန်တော်တို့ကိုပါ ဟိုဟာလေး စားကောင်းကြောင်း၊ ဒီဟာလေး ဝတ်ကောင်းကြောင်း အဖော်လာညှိတတ်သေးသည်။ ကျွန်တော်နှင့် စိမ့်က ကပ်စေးသမားပီပီ ငွေအခြေအနေကိုကြည့်၍ လိုအပ်မှသာ ဝယ်ဖြစ်သည်။ သရေစာမျှပင်လျှင် စိတ်နောက်ကိုယ်ပါ ဝယ်စားတတ်သည့် လူစားမျိုးမဟုတ်။

"အမေကလည်း၊ သမီးဆီမှာ တကယ်မရှိတော့ဘူး၊ ရောက်ကတည်းက ဘာနေနေ အကုန်ငွေပေး ဝယ်နေရတာ၊ အလုပ်ကလည်း ဘယ်လိုမှ ရှာမရဘူး၊ သမီးလည်း ရှာနေတာပဲ အမေရဲ့"

ကျွန်တော်က အိပ်ရာထဲ ဖုန်းပွတ်နေသည်။ ပန်းနွယ်အသံက ကာထားသည့် အထပ်သားပြားကို ကျော်၍သော်လည်းကောင်း၊ ကွေ့၍ ဝိုက်၍သော်လည်းကောင်း ကျွန်တော့်နားထဲ ဝင်လာလေသည်။ ပြည်ပရောက်နေသူက အိမ်မှ ငွေပြန်တောင်းနေသဖြင့် ကျွန်တော်လည်း ကြောင်တောင်တောင် ဖြစ်သွားရသည်။ သို့သော် သူ့အမေက ကြည်ကြည်ဖြူဖြူပင် ငွေငါးသိန်း လွှဲပေး၏။ ကျွန်တော်သည်ပင် ကိုရှိုင်းက ယွမ်တစ်ထောင်ပေးထား၍ တော်ပါသေးသည်။ မဟုတ်လျှင် အိမ်ကို အပူကပ်နေရလောက်ပေမည်။

နေ့လယ်ရောက်တော့ ပွဲစားကောင်လေးက ကျွန်းတောကလပ်ထဲတွင် ပေါင်အမ်းလုပ်ခိုင်းမည်ဟု ကျွန်တော့်ကို အားပေးစကား ဆိုလာပါသည်။ ပေါင်အမ်းလုပ်လျှင် လစာကောင်းကြောင်း၊ သူဌေးက ဖမ်းဆိုလျှင် ဖမ်းပေးရုံ၊ ရိုက်ဆိုလျှင် ရိုက်ပေးရုံမျှသာ လုပ်ရကြောင်း၊ ကလပ်လာသည့် သူဌေးတွေ၏ အလိုကို လိုက်ပေးနိုင်လျှင် ဘောက်ဆူးရကြောင်းတို့ကို သွားရည်ယိုအောင် ပြောလေသည်။

"အသေမိုက်တာနော် ကလပ်က၊ မုန့်ဖိုး တအားရတာ၊ တစ်ရက်ကို ငါးရာ၊ တစ်ထောင် ပြေးမလွတ်ဘူး၊ မရဘူး ဆိုတဲ့နေ့မျိုးမှာတောင် လေး၊ ငါးရာတော့ အသာလေး ရတယ်၊ တစ်လ တစ်လ သောင်းချီဝင်တာ"

ကျွန်တော့်မှာ သူ ပြောသည့် ကလပ် ဆိုသည့်နေရာကြီးကို ဖြစ်နိုင်လျှင် ချက်ချင်းပင် ပြေးသွားချင်နေမိသည်။ တစ်လ တစ်သောင်း

mgyoe.com

mgyoe.com SAMPLE BOOK

ထားဦး။ အိမ်ကို ငါးထောင်လွဲ၊ ငါးထောင်စု။ ငါးထောင်ဆို မြန်မာငွေ သိန်းနှစ်ဆယ်။ နည်းသည့်ငွေမဟုတ်။ တစ်နှစ်လောက် စုပြီးလျှင် အိမ်ပြန်၊ စီးပွားရေးတစ်ခုခု လုပ်၍ရနိုင်ပြီ။

"အေး၊ အဲဒါဆိုလည်း အခုပဲ သွားလျှောက်မယ်ကွာ၊ လာ၊ ထ"

ကျွန်တော်က ထမည် ဟန်ပြုလိုက်ရာ ပွဲစားကောင်လေးက ပွဲသိမ်းရိုက်ချက် ရိုက်လိုက်လေသည်။

"နေပါဦးဗျ၊ ကလပ်က ဆောက်တုန်းပဲ ရှိသေးတယ်၊ မဖွင့်ရသေးဘူး"

စိမ့်က ကျွန်တော့်ကြည့်ပြီး တစ်ခစ်ခစ် ရယ်နေသည်။ ကျွန်တော်မှာ လွန်ခဲ့သည့် စက္ကန့်ပိုင်းအတွင်းကမှ ဆောက်ထားသည့် စိတ်ကူးထဲက စီးပွားရေးကို စိတ်မကောင်းစွာ ဖျက်ဆီးပစ်လိုက်ရ၏။

"ဒါပေမဲ့ စိတ်မပူပါနဲ့၊ ကျွန်တော့်အသိတွေကို လိုက်မေးထားပါတယ်၊ လူလိုရင် ချက်ချင်းထည့်ပေးမယ် ပြောတယ်၊ မြို့လယ်မှာ ကလပ်တစ်ခု ဖွင့်တော့မယ် ကြားတယ်၊ အဲဒါဖွင့်ရင် သွားလျှောက်ရုံပဲ၊ သန့်ရှင်းရေးရရ၊ စားပွဲထိုးရရပေါ့"

ဒီကောင်လေး ပါးစပ်ဖျားတွင် ဖွင့်ပြီးသား စားသောက်ဆိုင်၏ အမည်နာမများ ခိုကပ်နေပုံ မရပါ။ မဖွင့်ရသေးသည့် ဆိုင်များကိုသာ စိတ်မှန်းဖြင့် ပြောနေခြင်းကြောင့် စိတ်ညစ်သွားမိသည်။

"သန့်ရှင်းရေးကတော့ ကိစ္စမရှိဘူး၊ စားပွဲထိုးကျတော့ တရုတ်စကား တတ်ဖို့လိုတယ်မဟုတ်လား၊ ရဖို့ မလွယ်လောက်ဘူးလားလို့"

စိမ့်က ကျွန်တော် ဘာမျှ ထပ်မပြောတော့သည်ကို အားနာ၍ ထင်သည်၊ ဘယ်ဆီနေမှန်းမသိသည့် အလုပ်အတွက် တွေးပူပေးနေရှာသည်။

"ဒါဆိုလည်း သန့်ရှင်းရေးပဲ လုပ်ပေါ့၊ လစာ မနိမ့်ပါဘူး၊ ကဲဗျာ၊ အဲဒါတွေ စဉ်းစားမနေပါနဲ့၊ အချိန်တန်ရင် အလုပ်က ရလာမှာပါ၊ ကျွန်တော်လည်း အလုပ်မသွားခင် ခဏ နားလိုက်ဦးမယ်"

ကောင်လေးက ပြောချင်ရာပြောပြီး သူ့ခုတင်ပေါ် တက်အိပ်သွားလေသည်။ ဘယ်အချိန် ဘယ်ကာလမှ ဖွင့်မည်မသိရသော ကလပ်ကို မျှော်၍မရကြောင်း စိမ့်က ကျွန်တော့်ကို သတိပေးသည်။ အဆင်ပြေလျှင် လူကိုယ်တိုင် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် အလုပ်လိုက်လျှောက်ရန် တိုင်ပင်

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ စိမ့်ပြောသည့် စကားကို ကျွန်တော် မငြင်းဆန်ပါ။ လူလုံးပြမှ အလုပ်ရမည်ဖြစ်သည်ကို ကျွန်တော်လည်း နားလည်ပါသည်။

***

"သိမ်း၊ သိမ်း၊ အဝတ်အစားတွေ မြန်မြန်သိမ်း၊ ကိုယ့်ပစ္စည်းတွေ မကျန်စေနဲ့၊ မြန်မြန်"

စိမ့်နှင့် ကျွန်တော် အိပ်ရာထဲ လှဲရင်း ဖုန်းကြည့်နေခိုက်တွင် ပွဲစားကောင်လေးက အပေါ်ထပ်ကို ကပျာကယာ ပြေးတက်လာသည်။ အဝတ်အစားတွေသိမ်း ဟူသောစကားကို လျှာခလုတ်တိုက်အောင် ပြောပြီး ခုတင်ပေါ်က သူ့ပစ္စည်းများကိုလည်း အလျှင်အမြန်ပင် အိတ်တစ်လုံးထဲ ထိုးထည့်နေသည်။

မလှမ်းမကမ်းက ထွန်းဝေတို့ လင်မယားလည်း အဝတ်အစား များကို ကပျာကယာ သိမ်းနေကြသည်။ ကျွန်တော်လည်း ဘာဖြစ်မှန်း မသိသည်မို့ နီးရာပစ္စည်းများကို အိတ်တစ်လုံးထဲ ထိုးထည့်သိမ်းရ၏။ စိမ့်က လှန်းထားသည့် အဝတ်များကို ရေစိုအတိုင်း လိုက်ရုပ်နေသည်။ ကျွန်တော်က တစ်ရန်တည်းသော ရှူးဖိနပ်ကို ကြိုးချည်နေရင်းက ပွဲစား ကောင်လေးကို လှည့်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ ညီလေး"

"ပေါင်အမ်းတွေ လိုက်စစ်နေလို့၊ ဒီမှာ နေခွင့်မရှိတော့ဘူး၊ အကုန် ဆင်းရတော့မှာ၊ ဟိုဘက်က လူတွေလည်း အကုန်သိမ်းကုန်ပြီ၊ မြန်မြန် လုပ်"

တိုက်တစ်ခုလုံး ရုပ်ရုတ်သဲသဲ ဖြစ်နေသည်။ လမ်းမပေါ် လှမ်း ကြည့်လိုက်ရာ ပေါင်အမ်း ခြောက်ယောက်ခန့် နံပါတ်တုတ်များကိုင်၍ မြန်မြန်သွားရန် မောင်းချနေတာကို တွေ့ရသည်။ တစ်ဝင်းလုံးတွင်လည်း ဆိုဖာ သယ်သူကသယ်၊ ကုလားထိုင် ထမ်းသူကထမ်းဖြင့် ပျာယာခတ်နေ ကြသည်။

"သိမ်းပြီးရင် ကျွန်တော် ပြောမယ်၊ ခင်ဗျားတို့ အိမ်သာသွားတက် တဲ့ အနားမှာ အဆောင်တစ်ဆောင် ရှိတယ်၊ အဲဒီအပေါ်တက်ပြီး ခဏ ပုန်းနေ၊ ပေါင်အမ်းတွေပြန်ရင် ကျွန်တော် လာခေါ်မယ်၊ သွား သွား"



mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်နှင့်အတူ ထွန်းဝေတို့ လင်မယားပါ ကပ်လိုက်လာသည်။ စုစုပေါင်း လေးယောက်ဖြစ်သွား၍ အားရှိသည်။ စိမ့်က ကျွန်တော့်လက်မောင်းကို မလွှတ်။ သူ့ကိုထားခဲ့မှာ စိုးရိမ်သည့်အလား တင်းတင်းမြဲမြဲဆွဲဖက်ထားသည်။ လမ်းတစ်လျှောက်တွင်လည်း ပြောင်းကြရွေ့ကြသူများ မှိုလိုပေါက်နေသည်။ ပုရွက်ဆိတ်အုံကို ဂေါ်ပြားဖြင့် ထိုးလှန်လိုက်သကဲ့သို့ပင် ဖြစ်လေတော့သည်။

တချို့က သုံးဘီးပေါ်တွင် အိမ်သုံးပစ္စည်း ပရိဘောဂများ ပြည့်မောက်နေအောင် တင်ထား၏။ တချို့မိန်းမကြီးများက ရှိသမျှသော ပစ္စည်းများကို စောင်တစ်ထည်အထဲတွင် ထုပ်ပိုး၍ ခေါင်းဖြင့်ရွက်သွားကြသည်။ ကလေးပုစုခရုများ၊ ခွေးကြီး၊ ခွေးငယ်၊ ခွေးပေါက်စများ၊ ကြက်ဖများကလည်း ဟိုပြေးရမလို၊ ဒီလာရမလို ဖြစ်နေကြသည်။

ကျွန်တော်တို့လေးယောက်မှာ အိမ်သာန်ဘေးရှိ အဆောင်ပေါ်တွင် ခပ်တည်တည်ဖြင့် တက်နေကြသည်။ ထိုအဆောင်မှာ တခြားအဆောင်မဟုတ်။ ပေါင်အမ်းများ နေသည့် အဆောင်ပင်တည်း။ ကံကောင်းသည်မှာ အဆောင်ပေါ်တွင် လူတစ်ယောက်မျှ ရှိမနေချေ။ အစောင့်ဟု ထင်ရသည့် ဦးလေးတစ်ယောက်သာ ရှိသည်။ ကျွန်တော်တို့ တက်ပုန်းနေသည်ကို ဘာမျှတော့ မပြော။ သူ့ပစ္စည်းတွေကို မထိရန်သာ တတွင်တွင် မှာနေလေသည်။

ကျွန်တော်လည်း ဒီလိုနေရာတွင် ကြာကြာနေရန် မသင့်ဟု တွေးမိပြီး တစ်ဦးတည်းသော ကူညီသူ သူငယ်ချင်းကြီးကိုရှိုင်းကိုသာ ဖုန်းဆက်၍ အကူအညီ တောင်းရတော့၏။

"မပူနဲ့ငါ့ကောင်၊ ငါ လာခေါ်မယ်၊ အဲဒီအနားကပဲ စောင့်နေ"

ငါးမိနစ်ခန့် ကြာပြီးနောက် ကိုရှိုင်းသည် သုံးဘီးစီး၍ ကျွန်တော်တို့ကို လာခေါ်သည်။ ကျွန်တော်တို့လေးယောက်မှာ အထုပ်ကိုယ်စီဖြင့် သုံးဘီးပေါ် ပြေးတက်ကြရပြန်သည်။ လမ်းတွေက မိုးရွာထား၍ ရွှံ့ဗွက်များ ထနေသည်။ ကိုရှိုင်းက သုံးဘီးကို အရှိန်ဖြင့် မောင်းလိုက်ရာ ရွှံ့ရေများ သုံးဘီးပေါ်မှတစ်ဆင့် ကျွန်တော်တို့ကိုယ်ပေါ် ပြန့်ကျဲသွားလေတော့သည်။

"ဒီနိုင်ငံက ဒီလိုပဲ၊ လာစစ်လိုက်၊ ထွက်သွားလိုက်၊ မင်း မယုံရင်ကြည့်နေ၊ အခုသာ ပစ္စည်းတွေသိမ်းပြီး ထွက်သွားတာ၊ နောက်နေ့ ပြန်လာကြည့်၊ ဒီအတိုင်းပဲ ပြန်တက်နေကြတာပဲ"



mgyoe.com

mgyoe.com SAMPLE BOOK

"အဲဒါနဲ့များ လိုက်စစ်နေသေးတယ်ကွာ၊ အလုပ်ရှုပ်အောင်"

ကျွန်တော်က ရွံ့စဉ်သောကြောင့် စိတ်ပေါက်ပေါက်ဖြင့် ဝင်ထောက်လိုက်သည်။

"ဒီလိုမှ မစစ်ရင်လည်း သူတို့မှာ ဘာအလုပ်မှ ရှိပုံမရပါဘူးကွာ၊ ပြီးတော့ စစ်တယ်သာ ပြောတာ၊ ဘာကိုစစ်မှန်းလည်း ငါဖြင့် ခုထိ မသိသေးဘူး၊ တရားမဝင် ရောက်လာတဲ့ မြန်မာတွေကိုသာ တကယ်စစ်မယ်ဆိုရင် ဘယ်နားသွားစစ်စစ် ပေါမှပေါ၊ အကုန် အဖမ်းခံရမှာပဲ၊ အခုက အဲဒီလိုလည်း မဟုတ်ပြန်ဘူး"

"စစ်ပြီး မဖမ်းတာကိုက ဟုတ်လှပြီ ပြောရမှာပဲ၊ ဒါနဲ့ အခု ဘယ်သွားကြမှာလဲ"

"Chinatown နားက ဆိုက်ထဲမှာတော့ လူနေလို့ ရတယ် ပြောတယ်၊ အဲဒီဘက်ကို သွားကြည့်တာပေါ့"

Chinatown ဟု ရေးထားသည့် ရှေးကျောက်ပြားကို လှမ်းကြည့်လိုက်ရာ တရုတ်ဇာတ်လမ်းတွဲထဲတွင် မြင်ခဲ့ဖူးသည့် အချွန်အတက်များကို မြင်လိုက်ရသည်။ ၎င်းအဝင်ဝတွင် ကွန်ဖြူးရှပ်ရုပ်တုကြီးက ခန့်ခန့်ထည်ထည် ငြိမ်ရပ်နေသည်။ ကျွန်တော်က ကွန်ဖြူးရှပ်ရုပ်တုကြီးကို ကြည့်ကာ ဒေါက်တာသန်းထွန်း၏ 'ကျော်စွာ တစ်ရာ' တွင် ကွန်ဖြူးရှပ်က ဘာကြောင့် နံပါတ်တစ် ဖြစ်နေရသလဲ ဆိုတာကို စောကြောစိတ်ဖြာ နေမိသည်။

"အေး၊ မင်းအဆင်ပြေသလိုသာ မောင်းပေတော့ သူငယ်ချင်းရေ၊ မင်းခေါ်တဲ့နောက်ကို လိုက်ရမှာပဲ၊ ထွက်လာတာ ကြာနေလို့လည်း မင်းသူဌေးက အလုပ်ဖြုတ်နေဦးမယ်၊ ရရဲ့လား"

ကိုရှိန်းက ကျွန်တော့်စကားအပေါ် ကြောက်လန့်တုန်လှုပ်ခြင်း အလျဉ်းမရှိ။ ကျွန်တော့်ကိုကြည့်လျက် ရယ်သံတစ်ဝက်ပင် ထွက်လာသေးသည်။

"အလုပ်ဖြုတ်လည်း နောက်အလုပ် ပြောင်းလုပ်မှာပေါ့ကွာ၊ ဘာခက်တာ မှတ်လို့၊ ငါ့အတွက် အလုပ်မရှားပါဘူး"

ဟုတ်ချင်လည်း ဟုတ်နိုင်သည်။ ကိုရှိန်း၏ ပြောပုံ၊ ဆိုပုံ၊ နေပုံ၊ ထိုင်ပုံက ယုံကြည်မှုအပြည့်။ ဘာလာလာ ရင်ဆိုင်နိုင်သည့် စွမ်းရည်သတ္တိရှိပုံလည်း ရသည်။ သူတို့သူဌေးနှင့် ဖုန်းဆက်နေပုံကို ထောက်ဆကြည့်လျှင်

mgyoe.com

mgyoe.com SAMPLE BOOK

တရုတ်စကားလည်း ကျွမ်းကျင်ပုံရသည်။ တရုတ်သူဌေးသာ ရှိသည့်နိုင်ငံတွင် တရုတ်စကားတတ်သည့် ကိုရှိုင်းလိုလူအဖို့ အလုပ်မရှားခြင်းမှာ အထူးအဆန်းတော့လည်း မဟုတ်ချေ။

ဆယ်မိနစ်ခန့် ဆက်မောင်းပြီးနောက် သူပြောသည့် ဆောက်လက်စတိုက်ကြီးဆီ ရောက်လာ၏။ တိုက်ရှေ့တွင် ပရိဘောဂပစ္စည်း အတိုအစများကို အစုလိုက်အပြုံလိုက် ပုံထားသည်။ မြေညီထပ်တွင် မှန်ချပ်များ၊ ထိုင်ခုံများ၊ အထပ်သားများဖြင့် ပြည့်နှက်နေသည်။

"လာ၊ တတိယအထပ်မှာ နေရာတစ်နေရာ လွတ်သေးတယ်၊ အဲဒီအခန်းထဲမှာ လောလောဆယ် နေလို့ရတယ်၊ ဒီတိုက်ကြီး မပြီးမချင်း အေးဆေးနေ"

အထပ်သားပြားများ ကာထားသည့် လူနေအခန်းငယ်လေးများ၏ နံဘေးကနေ ဖြတ်လျှောက်ရင်း အပေါ်သုံးထပ်ကို တက်ရသည်။ လှေကားများမှာ လက်ရန်းမတပ်ရသေးသော်လည်း ကြောက်စရာ မလိုပေ။ ဓာတ်လှေကားမှာမူ လုပ်လက်စဖြစ်၍ အနားမကပ်ရဲ။ မတော်၍ ပြုတ်ကျသွားလျှင် မသေတောင် ခြေလက်ကျိုးသွားနိုင်သည်။

မပြီးမချင်း အေးဆေးနေ ဟူသည့်စကားကို ကျွန်းတောတွင် နေစဉ်က ပွဲစားကောင်လေးကလည်း ပြောဖူးသည်။ ယခု ကိုရှိုင်းကပါ ဒီစကားမျိုး ထပ်ပြောပြန်ပြီ။ ကျွန်တော့်မှာ ခံမှန်ဖူးသည့် စာသူငယ်ဖြစ်၍ သိပ်မယုံရဲ။ သို့သော် နေစရာတစ်နေရာ ရှာပေးသည့် ကိုရှိုင်းကိုတော့ ကျေးဇူးတင်ရပေမည်။

တိုက်ကြီးသည် ဆယ့်ငါးထပ်ပင် ကျော်လေ၏။ သို့သော် ကိုရှိုင်းပြောပုံအရ တစ်ဖက်သို့ စောင်းနေသဖြင့် ပြန်ဖြိုရမည် ထင်သည်။ တိုက်ဖြိုခြင်း၊ မဖြိုခြင်းက တိုက်ပိုင်ရှင် တရုတ်သူဌေး၏ ကိစ္စဆိုသော်လည်း ကျွန်တော်တို့မှာ ယခုမှ နေရမည်ဖြစ်၍ အလုပ်မရခင် မဖြိုချစေဖို့ကိုသာ ဆုတောင်းနေရသည်။

"အခန်းက တံခါးနဲ့ဘာနဲ့ မိုက်တယ်နော်၊ ပြီးတောင် ပြီးခါနီးပြီ"

စိမ့်က အခန်းကိုကြည့်ပြီး သဘောကျနေသည်။ ပန်းနွယ်တို့ကလည်း အခန်းကောင်းကောင်းရ၍ မျက်နှာရွှင်နေသည်။ ဘယ်နေရာမှာ ဘယ်လိုအိပ်မည်ကို တိုင်ပင်လိုက်ကြရာ အခန်းတစ်ခန်းတည်းမှာပင် လေးယောက်စု၍ အိပ်ရန် သဘောတူလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်းတောလို ဖုန်တထောင်းထောင်းကြား အိပ်ရသည်ထက် စာလျှင် လေးယောက်ခန်းတစ်ခန်း ဖြစ်စေကာမူ ဒီနေရာလေးက မဆိုးပေ။ ဒီနေရာတွင် အရေးအကြီးဆုံးဖြစ်သည့် အိမ်သာကို စိမ့်ရော ကျွန်တော်ပါ ပြိုင်တူလိုက်ရှာနေမိသည်။ တော်ပါသေး၏။ အကောင်းကြီး မဟုတ်သော်လည်း ကိစ္စဖြေရှင်း၍ရသည့် အိမ်သာတစ်လုံးကို ခပ်လှမ်းလှမ်းတွင် တွေ့လိုက်ရတော့မှသာ ရင်အေးနိုင်တော့သည်။ ကိုရှိုင်းက ကျွန်တော်တို့ လူစု နေရာတကျ ရှိပြီဆိုမှ ပြန်သွားလေသည်။

"ပြီးမှ အေးအေးဆေးဆေး နားတော့ ကိုရေ၊ လာ၊ စိမ့်ကို ကူဦး၊ ပြောင်းကာမှ ပြောင်းရော၊ လောလောဆယ်တော့ ပစ္စည်းလေးတွေ သူ့နေရာနဲ့သူ စီရမယ်"

ကျွန်တော်တို့လည်း ပစ္စည်းပစ္စယများကို နေရာတကျ ထားကြသည်။ ဆယ်မိနစ်ခန့် နေရာချပြီးနောက် ပူအိုက်လာသည်နှင့် ပြတင်းပေါက်တွင် ရပ်၍ ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ရာ အရှေ့ဘက်တွင် မြူခိုးဝေနေသော တောင်တန်းကြီးကို မျက်စိပသာဒရှိစွာ မြင်လိုက်ရသည်။ တောင်ခါးပန်းတွင် မိုင်းခွဲခံထားရသည့် ဒဏ်ရာက တစ်ဝက်ခန့်ပင် ပဲ့ထွက်နေလေပြီ။ တောင်ခြေတွင် မိုင်းလုပ်သားများ၊ ကျောက်သယ်သည့်ကားများကို ခပ်ရေးရေးမျှ မြင်ရသည်။

တောင်ဘက်တွင် တိမ်ညိုတိမ်မည်းများက အုံ့အုံ့ဆိုင်းဆိုင်း။ တိုက်တာအဆောက်အအုံများက အထပ်လိုက် စီရရီ။ အနောက်ဘက်တွင် ရွှေရောင်ဝင်းနေသော ကာစီနိုရုံကြီးကို တွေ့ရသည်။ စိမ့်က "ဟိုမှာ ကာစီနိုကြီး" ဟု လက်ညှိုးထိုးပြ၏။ စိမ့်အသံကြားမှ နောက်ကို လှည့်ကြည့်လိုက်မိသည်။ ဘယ်အချိန်ကတည်းက ကျွန်တော့်အနား ရောက်နေသည်မသိ။

ထွန်းဝေတို့ လင်မယားသည်မူ အိပ်ရာခင်းပြီး၍ ကျကျနန ဖုန်းကြည့်နေချေပြီ။ အပူအပင်လည်း စိုးစဉ်းမျှ ရှိဟန်မတူ။ ထွန်းဝေ၏ဇနီး ပန်းနွယ်က "ဘာချက်စားကြမလဲ" ဟုပင် ထအော်နေသေးသည်။ ဆယ်နာရီခွဲခန့်ပင် ရှိသေးသဖြင့် နေ့လယ်စာအတွက် ပြင်ဆင်ချိန်ရသည်။ ထိုအချိန်တွင် ကျွန်တော်တို့အားလုံး အပြင်ထွက်နိုင်နေလေပြီ။ အစစ်အဆေး မရှိတော့ပြီမို့ သွားချင်ရာ သွား၍လည်း ရချေပြီ။

"ဖော့ဆောင်သွားပြီး ချက်စရာ သွားဝယ်ရအောင် အစ်မ၊ နေ့တိုင်း ထမင်းဝယ်စားနေလို့ကတော့ မသက်သာလောက်ဘူး၊ ဟင်းသီးဟင်းရွက်

mgyoe.com

mgyoe.com SAMPLE BOOK

လေး၊ ဆီ၊ ဆားလေး ဝယ်ထားရင် ငွေအကုန်သက်သာမလားလို့ပါ၊ ပြီးတော့ တခြား ဝယ်စရာလည်း ရှိသေးလို့လေ"

ပန်းနွယ်က စိမ့်ကို အဖော်ညှိသည်။ ထုံးစံအတိုင်း စိမ့်ပါလျှင် ကျွန်တော်ပါ လိုက်ရတော့မည်။ စိမ့်ကလည်း ဖော့ဆောင်ကို မရောက်ဖူး သေး၍ သွားချင်ကြောင်း ပြောသဖြင့် လေးယောက်သား စိတ်တူသဘောတူ ထွက်လာခဲ့လိုက်သည်။

ဖော့ဆောင်ဟူသည် မြန်မာရပ်ကွက်ကို ခေါ်ခြင်းဖြစ်သည်။ လာအို ရွှေတြိဂံနယ်မြေတွင် ဖော့ဆောင်သည် နာမည်ကြီး ဖြစ်သည်။ အထူးသဖြင့် မြန်မာအသိုင်းအဝိုင်းကြားတွင် ရေပန်းအစားဆုံး ရပ်ကွက်တစ်ခုလည်း ဖြစ်သည်။

ငင်းဖော့ဆောင်ထဲတွင် မြန်မာသီးသန့်သာ နေကြ၏။ လာအို၊ တရုတ်လူမျိုးများ မနေကြ။ သို့သော် မြန်မာစကား ကျွမ်းကျင်သည့် တရုတ်မကြီးတစ်ယောက် ဆိုင်ဖွင့်ထားသည်ကို မြင်ဖူးသည်။ ထူးဆန်းပေစွ။ ဈေးဆိုင်အားလုံးကလည်း မြန်မာတွေရောင်း၍ မြန်မာအဝတ်အစား ကုန်ပစ္စည်း၊ အသီးအရွက် အမျိုးစုံ ရသည်။ အနီ ဖော့ဆောင်တွင် နေကြ သည့် မြန်မာများအဖို့ ရန်သတ်၊ ပစ္စည်းခိုးကဲ့သို့သော အမှုအခင်းမျိုး တစ်ခုခုနှင့်ကြုံလျှင် တိုင်ရန်၊ ဖြေရှင်းပေးရန် မြန်မာဥက္ကဋ္ဌလည်း ရှိလေ၏။

ထိုအုပ်ချုပ်ရေးရုံးသည် ဖော့ဆောင်တွင် အဓိကအကျဆုံးရုံး ဖြစ် သည်။ ကိုဗစ်ကာလ ဆေးစစ်ခြင်း၊ မီတာဆောင်ခြင်း၊ အခန်းခပေးခြင်း၊ အိမ်ပြန်မည့် ပြည်တော်ပြန်ကိစ္စ အထိလည်း ထိုရုံးက အားလုံးကို စီစဉ် ပေးသည်။ အားနေလျှင် လော်စပီကာတပ်ပြီး တွေ့ကရာကို မိုက်ဖြင့် လျှောက်အော်နေသည်ကိုတော့ မြင်ပြင်းကပ်လှ၏။

ဗုဒ္ဓဘာသာ အများဆုံး နေထိုင်ရာ ရပ်ကွက်ဖြစ်သည်နှင့်အညီ ငင်းဖော့ဆောင်ထဲ၌ ဓမ္မာရုံလည်း ရှိသည်။ ဓမ္မာရုံထဲတွင် ကျောင်းထိုင် ဘုန်းကြီး ရှိသော်လည်း အမြဲတမ်း သီတင်းမသုံးပေ။ ဝါဆိုလပြည့်နေ့လို၊ ကထိန်သင်္ကန်းကပ်သည့် အခါကြီးရက်ကြီးလို နေ့ထူးနေ့မြတ်မျိုး ရောက်မှ သာ တရားပွဲကျင်းပရန် ကြွလာတတ်သည်။

"အလုပ်မရသေးတဲ့ ရွှေ့ပြောင်းလုပ်သားများ ရပ်ကွက်ဓမ္မာရုံထဲ လာပြီး ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်ထုပ်များ လာရောက် ယူဆောင်နိုင်ပါ တယ်ခင်ဗျာ၊ အလုပ်မရသေးတဲ့ ရွှေ့ပြောင်း..."



mgyoe.com

mgyoe.com SAMPLE BOOK

ရပ်ကွက်ရုံးက လော်စပီကာဖြင့် အော်သည့်အသံကို ဖော့ဆောင်ထဲ မဝင်ခင် အပြင်ဘက်မှာကတည်းက အတိုင်းသား ကြားနေရသည်။ စိမ့်က ကျွန်တော့်ကိုကြည့်ပြီး "ကိုတို့ ရွာမှာလည်း အဲဒီလို မိုက်ကြီးနဲ့ ဈေ့ာက် အော်နေတဲ့လူတွေ ရှိတယ်မဟုတ်လား" ဟု စနောက်နေသည်။ ကျွန်တော့် ကိုယ်ကျွန်တော် ရွာပြန်ရောက်နေသလား၊ နိုင်ငံခြားမှာလားဟုပင် သံသယ ဝင်နေမိသေး၏။ မည်သို့ဖြစ်စေ အပြန်တွင် ဆန်၊ ဆီ ဝင်ယူရန် ကျွန်တော် က စိတ်ကူးထားသည်။ သို့သော် ယူဖြစ်၊ မယူဖြစ် မသေချာပါ။

"ဟေး၊ ရပ် ရပ်၊ ဓာတ်ပုံရိုက်ရဦးမယ်လေ"

ဖော့ဆောင်ထဲ ဝင်ဝင်ချင်း စစ်ဆေးရေးဂိတ်ထဲက ပေါင်အမ်းက မြန်မာလို မပီတပီ လှမ်းအော်ရာ ကျွန်တော်တို့ လေးယောက်မှာ တုံ့ခနဲ ရပ်လိုက်ရသည်။ ပေါင်အမ်းက ဖုန်းကိုလှဲ၍ ဓာတ်ပုံရိုက်ယူရန် ချိန်နေသည်။ ကျွန်တော်တို့ကလည်း လေးယောက်စလုံး မပါမည်စိုး၍ တန်းစီရပ်ပေး သည်။ ဓာတ်ပုံရိုက်ပြီးသောအခါမှ "ရပြီ" ဟု ပြောလိုက်မှသာ ဖော့ဆောင်ထဲ ဝင်ရတော့သည်။

ဖော့ဆောင်ထဲနေသည့် လူဆိုလျှင် ဓာတ်ပုံရိုက်စရာ မလိုဘဲ ဝင်ခွင့် ရှိသည်။ ကျန်လူများမှာ မည်သူမဆို ဓာတ်ပုံမှတ်တမ်း ယူရသည်။ ဘာ အတွက် ဓာတ်ပုံရိုက်သည်ကို ကျွန်တော် နားမလည်ပါ။ ပြဿနာတစ်စုံ တစ်ရာ ဖြစ်လာလျှင် လူအဝင်အထွက် စစ်ချင်၍ဟု ထင်ပါသည်။ သို့သော် ဓာတ်ပုံရိုက်ယူနေမည့်အစား CCTV တပ်ထားလိုက်လျှင် ကိစ္စပြတ်ပြီ ဖြစ် သော်လည်း ဖုန်း Storage ပြည့်အောင် လူပေါင်းထောင်ချီကို ဓာတ်ပုံ ရိုက်ယူနေသည့် လုံခြုံရေးများကိုကြည့်ရင်း နားမလည်နိုင်ဖြစ်နေမိသည်။

ဖော့ဆောင်ထဲတွင် အပေါဆုံးက ဈေးဆိုင်များဖြစ်သည်။ မြို့မဈေး ဟုပင် ခေါ်လိုက ခေါ်နိုင်သည့် အနေအထားဖြစ်သည်။ စိမ့်နှင့် ပန်းနွယ်က ဟင်းသီးဟင်းရွက်များ၊ ဆန်၊ ဆီ၊ ဆားများဝယ်ကြ၏။ ကျွန်တော်နှင့် ထွန်းဝေက လိုအပ်သည့် ယောကျ်ားလေးပစ္စည်းများ ရှာဝယ်ရသည်။ရောက် ခါစဖြစ်၍ ဈေးတန်သည်၊မတန်သည်ကို ကျွန်တော်တို့ မသိကြသေး။ လိုအပ်သည်ထင်လျှင် တောင်းသလောက် ပေးဝယ်လိုက်ကြရသည်သာ။

အားလုံး ဝယ်ပြီးသောအခါတွင် ကျွန်တော်က မွှောရုံထဲသွား၍ ဆန်၊ ဆီ ဝင်ယူရန် စိမ့်တို့ကို ပြောပြရာ ပန်းနွယ်က ရှက်၍ မယူချင် ကြောင်း ကန့်ကွက်လေသည်။ ကျွန်တော်လည်း စားစရာရှိသေးသည်က

mgyoe.com SAMPLE BOOK

တစ်ကြောင်းကြောင့် စောဒကမတက်တော့ဘဲ မရှိသူသာ ယူပါစေဟု သဘောပိုက်လျက် ဆန်၊ ဆီများကို မျက်ကွယ်ပြုလိုက်ရတော့သည်။

ဆယ့်တစ်နာရီ စွန်းစွန်းတွင် ကိုယ့်နေရာကိုယ် ပြန်ရောက်၍ ချက်စရာရှိသည်များ ချက်ပြုတ်ကြသည်။ ဟင်းသီးဟင်းရွက် ဝယ်ခြမ်းသည့် ကုန်ကျစရိတ်ကို စိမ့်က တွက်ပြ၏။ လေးယောက်အတူ စုစားသည်ဖြစ်၍ ပန်းနွယ်တို့ကို တစ်ဝက်စိုက်ရန် ညှိ၏။ ပန်းနွယ်ကလည်း ငြူစူခြင်းမရှိဘဲ ပေးပါသည်။ လက်ထဲတွင် ငွေရှိသည့်အချိန်မို့ အရာအားလုံး အဆင်ပြေပါသေးသည်။

နှစ်ရက်၊ သုံးရက်ခန့်ကြာသော် အစားမညီသည့် ပြဿနာ တက်လာသည်။ ပန်းနွယ်က သူ စားချင်သည့် ပုံစံအတိုင်း ချက်သည်။ စိမ့်က ပန်းနွယ်ချက်သည်ကို မစားတတ်။ စိမ့်ချက်သည့် ဟင်းကိုလည်း ပန်းနွယ်က နှာခေါင်းရှုံ့လာသည်။ ဟင်းသီးဟင်းရွက် ဝယ်ရာတွင်လည်း သူက သာသည်၊ ကိုယ်က နာသည် ဟူသောအသံများ ကြားလာရသည်။ အထူးသဖြင့် သောက်ရေကိစ္စ။

ရေသန့်တစ်ကတ်ကို ဆယ့်နှစ်ကျပ် ပေးရသည်။ ရုံဖန်ရုံခါ မိုးရွာတတ်သော်လည်း ပူအိုက်သော ရာသီဖြစ်၍ မကြာခဏဆိုသလို ရေဆာသည်။ ရေသန့်တစ်ကတ်တွင် ဆယ့်နှစ်ဘူး ပါ၏။ ခွဲတမ်းချပါက နှစ်ယောက်တစ်စုကို ခြောက်ဘူးစီ ယူကြရသည်။ သို့သော် ခြောက်ဘူးနှင့် မလောက်ပါက ပန်းနွယ်တို့သည် တွေ့သလို ယူယူသောက်တတ်၏။ ကျွန်တော်တို့က ထိုမျှလောက်ကို ပြောဆိုခြင်း မရှိသော်လည်း ပန်းနွယ်ကမူ သူတို့ ရေဘူးကို ကျွန်တော် ယူသောက်လျှင် သဘောမကျချေ။ ထို့နောက် တစ်ဝက်စီ ခွဲတမ်းမချတော့ဘဲ ကိုယ့်အပိုင်းနှင့်ကိုယ် နေကြ၊ စားကြရန် ဆုံးဖြတ်လိုက်သည်။

ကျွန်တော်နှင့် စိမ့်က အကြီးဖြစ်၍ အရာရာကို သည်းခံ၏။ အထူးသဖြင့် ကိုယ့်ပြည်ကိုယ့်ရွာ မဟုတ်သည့် နိုင်ငံရပ်ခြားတွင် ကိုယ့်လူမျိုးအချင်းချင်း မသင့်မမြတ် မဖြစ်ချင်။ ကိုယ့်ညီ၊ ညီမသဖွယ် ဂရုစိုက်ရမည့် တာဝန်ပင် ရှိသည်ဟူသောစိတ်သည် ကျွန်တော့်တွင်သာမက စိမ့်မှာလည်းရှိပါသည်။ ထွန်းဝေနှင့်ပန်းနွယ်ကမူ ငယ်ရွယ်သူများဖြစ်၍ ကျွန်တော်တို့အပေါ် ဘယ်လိုသဘောထားသည်မသိ။ ဤသည်မှာ သူတို့ကိစ္စသာဖြစ်သည်။

■



mgyoe.com

mgyoe.com SAMPLE BOOK

# ( ၃ )

တစ်နေ့၊ ပွဲစားကောင်လေးသည် ကျွန်တော့်ဆီ ဖုန်းဆက်လာ၏။ အလုပ်မရသေးသည့် သူတွေကို ကူညီထောက်ပံ့ပေးမည့် လူတစ်ယောက် ရှိကြောင်း၊ သူနှင့်ဆက်သွယ်ပါက အဆင်ပြေနိုင်ကြောင်း၊ အလုပ်ရနိုင်ကြောင်း ပြောသည်။ ကျွန်တော်တို့လည်း ရေနစ်နေစဉ် ကောက်ရိုးတစ်မျှင်တွေ့လိုက်ရသဖြင့် ၎င်းကောက်ရိုးတစ်မျှင်ကို နှစ်ယောက်သား အားကိုးတကြီး လှမ်းဆွဲလိုက်ကြပါသည်။

"ငါ့ညီတို့က ဒီကို ဘယ်သူခေါ်လို့ ရောက်လာကြတာလဲ"

အခန်းထဲတွင် ထိုင်လျှင်ထိုင်ချင်း သူဌေးဟုထင်ရသူ လူကြီးတစ်ယောက်က ကျွန်တော်နှင့် စိမ့်ရှေ့မှာ ကျွဲရိုင်းဘူး တစ်ဘူးစီ ချပေးရင်း မေးသည်။ ထောက်ပံ့သူဟု ယူဆရသည့် အစ်ကိုနှစ်ယောက်က ကြောက်ရန်မလိုကြောင်း နံဘေးက အားပေးသည်။

"အသိဆိုလို့ ဒီမှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ပဲ ရှိပါတယ်၊ မြန်မာပြည်မှာ နေတော့လည်း ဘယ်သွားပြီး ဘာလုပ်ရမှန်း မသိတာက တစ်ကြောင်း၊ မိဘတွေက စိတ်ပူတာက တစ်ကြောင်းဆိုတော့ သူငယ်ချင်းက ဒီကိုလာခဲ့၊ အဆင်ပြေတယ် ဆိုတာနဲ့ အရဲစွန့်ပြီး ထွက်လာခဲ့လိုက်တာပါ"


mgyoe.com

mgyoe.com SAMPLE BOOK

"ဪ၊ သူငယ်ချင်းနာမည်က ဘယ်သူတဲ့လဲ"

"ကျွန်တော်က သူ့ကို ကိုရှိုင်းလို့ ခေါ်ပါတယ်၊ နာမည်အရင်းက ရှိုင်းဝဏ္ဏဇော်ပါ"

သူဌေးက "ကိုရှိုင်း" ဟု သံယောင်လိုက်ပြီး တစ်ခုခုကို စဉ်းစား ဟန်ပြုရင်း "ငါ ဒီနာမည် ကြားဖူးပါတယ်" ဟု ရေရွတ်နေသည်။ (ထိုသူဌေးမှာ ကိုရှိုင်း အလုပ်လုပ်သည့် နေရာက သူဌေးဖြစ်မှန်း နောင်မှ သိရသည်)။

"နှစ်ယောက်စလုံးက ကျောင်းဆရာတွေ ဟုတ်တယ်နော်၊ မှတ်ပုံတင် ပါသလား၊ ပြီးတော့ ဘာအထောက်အထားတွေ ရှိလဲ၊ ပြပါဦး"

"မှတ်ပုံတင်ကတော့ လမ်းမှာ ပျောက်သွားပြီ၊ ဓာတ်ပုံရိုက်ထားတာ တော့ ရှိတယ်၊ ဒီမှာ"

စိမ့်က သူ့ဖုန်းထဲက မှတ်ပုံတင်နှင့် Removal စာရွက်ကို ထုတ်ပြသည်။ ဝန်ထမ်းလုပ်ခဲ့ချိန်၊ နုတ်ထွက်ခဲ့ချိန်တို့ကို မှတ်မိသလောက် ရှင်းပြသည်။ ထိုသို့ ရှင်းပြခြင်းသည် အကြောင်းရှိသည်။ ယခု လာရောက် မေးမြန်းသည့် လူကြီးမင်းများသည့် အလုပ်မရှိသူတိုင်းကို ကူညီနေသူများ မဟုတ်။ ပညာရေးဝန်ထမ်း အလုပ်မရှိသူ သီးသန့်ကိုသာ အလုပ်ရှာပေး ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း စိမ့်က ပညာရေးဝန်ထမ်းများဖြစ်ကြောင်း ရိုးသားစွာ ရှင်းပြနေခြင်း ဖြစ်သည်။ ထွန်းဝေနှင့် ပန်းနွယ်မှာ ပညာရေး ဝန်ထမ်း မဟုတ်သဖြင့် တစ်ဖက်အခန်းထဲတွင် ထိုင်စောင့်ရင်းသာ ကျွန်တော် တို့ နှစ်ယောက်၏ အောင်စာရင်းကို နားစွင့်နေကြလေသည်။

"အေးကွယ်၊ ငါ့ညီတို့ အင်္ဂလိပ်လို ရလား၊ ပြီးတော့ ကွန်ပျူတာ လေး ဘာလေး နည်းနည်းပါးပါး နှိပ်တတ်လား"

ထိုစကားကို ကြားလျှင်ကြားချင်း စိမ့်က ကျွန်တော့်လက်ကို လာဆိတ်သည်။ ကျွန်တော်လည်း သဘောပေါက်ကြောင်း ခေါင်းညိတ်ပြ လိုက်သည်။

"ဟိုလေ၊ ဦးတို့က ဂိမ်းခုံအလုပ်လား မသိဘူးရှင့်"

စိမ့်က အင်္ဂလိပ်စာနှင့် ကွန်ပျူတာ ပါကတည်းက ဂိမ်းခုံ၊ လူလိမ် အလုပ်မှန်း ချက်ချင်းရိပ်မိ၍ မေးလိုက်ခြင်း ဖြစ်သည်။ စိမ့်စကားကြောင့် သူဌေးဖြစ်သူ ဦးဝင်းစိန်က တစ်ချက်ပြုံးလိုက်ပြီး သူ့လုပ်ငန်းအကြောင်း ရှင်းပြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဂိမ်းခုံဆိုပေမဲ့ ငါ့ညီမတို့ ကြားထားသလို ဟိုမသွားရဘူး၊ ဒီမလာရဘူး ဆိုတာမျိုး ပိတ်ပင်တားဆီးတာမျိုး မရှိပါဘူး၊ ဦးတို့ပဲ ဦးစီးလုပ်ကိုင်နေတာပဲလေ၊ အပြင် ဘာညာသွားချင်ရင် ဦးကိုလာပြောပြီး သွားလည်း ရတာပဲ၊ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်နေ၊ စားဖို့ သောက်ဖို့လည်း မပူရ၊ ကိုယ့်ဘာသာ ကွန်ပျူတာရှေ့ထိုင်ပြီး အလုပ်လုပ်နေရုံပဲ"

ဦးဝင်းစိန်နှင့် အဖော်လိုက်လာသူ ကိုကျန်ကြီးနှင့် ကိုခါလေးကလည်း နံဘေးကနေ ဟုတ်ကြောင်း၊ မှန်ကြောင်း၊ စိတ်မပူရကြောင်း ဝိုင်းဝန်း၍ ပြောပေးကြလေသည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ကလည်း အပြင်မှာ အေးအေးဆေးဆေး ခေါင်းရှင်းရှင်းနဲ့ လုပ်ချင်လို့ပါ၊ ဂိမ်းခုံဆိုတော့ မျက်စိလည်း ဂရုစိုက်ရတယ်လေ၊ ပြီးတော့ ကျွန်တော်က ကြာကြာထိုင်လို့ အဆင်မပြေလို့ပါ၊ ဖြစ်နိုင်ရင် စားပွဲထိုးဖြစ်ဖြစ်၊ ပေါင်အမ်းဖြစ်ဖြစ် အဲဒီလိုမျိုး အလုပ်တစ်ခုခုလောက် ရှာပေးဖို့ အကူအညီ တောင်းချင်တာပါ"

ကျွန်တော်က ဂိမ်းခုံတွင် မလုပ်ချင်ကြောင်း ငြင်းလိုက်ရာ ဦးဝင်းစိန်လည်း လာရင်းရည်ရွယ်ချက် ပျက်သွားသောကြောင့် ဘာပြောရမှန်းမသိဖြစ်သွားဟန် တူသည်။ အတန်ကြာမျှ စဉ်းစားပြီးနောက်တွင်မှ ဦးဝင်းစိန်က ဆက်ပြော၏။

"မလုပ်ချင်ရင်လည်း ငါ့ညီတို့ သဘောပါပဲ၊ ဒါပေမဲ့ သေချာစဉ်းစားဦးပေါ့၊ ဒီနိုင်ငံမှာ တရုတ်စကား မတတ်ဘဲနဲ့တော့ အလုပ်ရဖို့ဆိုတာ မလွယ်ဘူး၊ ငါ့ညီတို့ တတ်တဲ့ပညာနဲ့ဆို ဒီအလုပ်ပဲ ရှိမှာပဲ၊ အခုဆို ကောလိပ်တို့၊ တက္ကသိုလ်တို့က ပင်စင်နားနီးတဲ့ ဘာလဲ ပါမောက္ခလား၊ ဌာနမှူးလား၊ သူတို့ဆို အသက်ကြီးပြီ၊ ငါးဆယ်၊ ခြောက်ဆယ်နားနီးပြီ၊ သူတို့လည်း ငါ့ညီတို့လိုပဲ ပညာရေးလောကထဲက ထွက်ပြီး ဒီရောက်လာကြတာ၊ အလုပ်မရှိဘူး ဆိုတာနဲ့၊ ကဲပါ ဒီမှာပဲ အေးအေးဆေးဆေးလုပ် ဆိုပြီး ကိုယ်တို့ထဲ ထည့်ပေးထားလိုက်တာ၊ အဲ၊ ဆယ့်နှစ်ယောက်လောက်တောင် ရှိမယ်ထင်တယ်"

ကျွန်တော်နှင့် စိမ့်က အင်းမလုပ် အဲမလုပ်။ ပြုံး၍သာ နားထောင်နေလိုက်သည်။ ဆက်ရှင်းပြနေလည်း မထူးဟု သဘောပေါက်သွားပုံရသော ဦးဝင်းစိန်မှာ နောက်ဆုံးတွင် ဘာမျှမတတ်နိုင်တော့ဘဲ လက်လျှော့လိုက်



mgyoe.com

mgyee.com SAMPLE BOOK

ရသည်။ ကျွန်တော်တို့ သူ့ဆီမှာ အလုပ်မလုပ်၍ စိတ်မကောင်း ဖြစ်ချင်လည်း ဖြစ်နေနိုင်သည်။ ထို့ကြောင့် ထင်သည်။ ဦးဝင်းစိန်က ထပြန်ခါနီး ထပ်ပြောလိုက်သေးသည်။

"သေချာစဉ်းစားပေါ့ကွာ၊ ကိုယ်တတ်ထားတဲ့ ပညာနဲ့ဆိုရင် ဒီအလုပ်က အသင့်တော်ဆုံးပဲ"

ကျွန်တော်တို့လည်း ဘာမျှ ဆက်မပြောဖြစ်တော့ပါ။ ရယ်ပြုံး၍သာ နှုတ်ဆက်လိုက်သည်။ စိမ့်ကတော့ လူလိမ်အလုပ်ကို သေသည်အထိ မလုပ်ချင်ကြောင်း၊ ကြောက်ကြောင်း အပြန်လမ်းမှာ တတွတ်တွတ် ပြောလာသည်။ ကျွန်တော်ကလည်း စိတ်မချမ်းမသာ ဖြစ်နေရမည့် အလုပ်မျိုးကို ဆိုလျှင် ဝေးဝေးကသာ ရှောင်တတ်သူဖြစ်၍ ထိုအလုပ်အကြောင်းကို ခေါင်းထဲကနေ အပြီးထုတ်ပစ်ရန် ဆုံးဖြတ်လိုက်သည်။

ကျွန်တော်တို့ မျက်နှာမကောင်းသည်ကို သိ၍ထင်သည်။ ကိုကျန်ကြီးက ရှေ့ရောက်ပြီးမှ နောက်ပြန်လာ၍ အားပေးစကား ဆိုပါသည်။ ဦးဝင်းစိန်၏ စကားကို စိတ်ထဲ မထားစေလိုကြောင်း၊ ကိုယ်မလုပ်ချင်လျှင် အတင်း မလုပ်ခိုင်းကြောင်း၊ သူ အလုပ်ရှာပေးမည့် အကြောင်းတို့ကို ပခုံးဖက်၍ အားပေးသွားသောကြောင့် ကိုကျန်ကြီးကို ကျေးဇူးတင်ရသည်။

ဒွန်လ၏ မိုးရေစက်များက ပူအိုက်ခြင်းကို မလျော့ပါးစေနိုင်ပါ။ သို့သော် မှုန်မှိုင်းရီဝေနေသည့် အရှေ့ဘက်က တောင်တန်းကြီးကို ကြည့်လိုက်ရာ ကျွန်တော့်ရင်တွင် အေးမြသွားပါသည်။ မိုးရာသီကို အနှစ်သက်ဆုံး မဟုတ်သော်လည်း မိုးစက်မိုးပေါက်တို့ ဖြိုင်ဖြိုင်ကျလာလျှင် ကျွန်တော် ကြည်နူးပါသည်။

ကျွန်တော်ငယ်ငယ်က မိုးရာသီရောက်လျှင် ပန်းချီဆွဲတတ်သည်၊ ကဗျာစပ်နေတတ်သည်။ အိကျလာသည့် တိမ်ညိုထုကိုလည်းကောင်း၊ မိုးစိုနေသည့် ငှက်ကလေးများကိုလည်းကောင်း၊ လှည်းလမ်းကြောင်းထဲ တဝေါဝေါ စီးဝင်လာသည့် မိုးရေများကိုလည်းကောင်း ငေးကြည့်၍ လွမ်းလိုက လွမ်းနေတတ်သည်။ အထူးသဖြင့် ယာအစပ် ကုန်းပေါ်ကနေ လှမ်းမျှော်ကြည့်လိုက်သောအခါ မိုးစက်မိုးပေါက်များ အကြားမှာ ခပ်ဝါးဝါးမြင်ရသည့် ပုပ္ပါးတောင်မကြီးကို မြင်လျှင် ထိုင်ငိုချင်လောက်အောင် လွမ်းခဲ့ဖူးသည့် အချိန်များလည်း ရှိပါသည်။

ယခုလည်း ကြည့်ဦး။ အလုပ်မရှိဘဲ လေလွင့်နေသူအဖို့ မြူခိုးနှင့်

mgyoe.com SAMPLE EBOOK

တိမ်၊ ရောယှက်လိမ်၍၊ တိမ်နှင့် မြူခိုး၊ တောင်ကိုမိုးသည်’ ဆိုသကဲ့သို့ တိမ်နှင့် မြူခိုးများအကြားဝယ် ခေါင်းပျောက်နေသည့် တောင်တန်းကြီးသည် ကျွန်တော့်ရှေ့၌ အလွမ်းငွေ့များ ထုတ်လွှင့်နေသည်ဟုပင် ထင်လိုက်မိပါသည်။

***

“အေး၊ သူငယ်ချင်း၊ ငွေရော ရှိသေးရဲ့လား၊ သုံးစရာမရှိရင် လာယူကွာ”

ကိုရှိုင်းက ကျွန်တော့်ကို စိတ်ပူသဖြင့် တကူးတက ဖုန်းဆက်ပြော၏။ ကျွန်တော့်ဘဝတွင် ငွေနှင့်ပတ်သက်၍ သူငယ်ချင်းတွေအပေါ် စိတ်ကွက်ဖူးပါသည်။ ကျွန်တော်က ငွေမချေးဖူးသော်လည်း ကျွန်တော့်ဆီကနေ ငွေချေးပြီး ပြန်ဆပ်ရန် မေ့နေတတ်ကြသည့် သူငယ်ချင်းတချို့ ရှိသည်။ ဘာကြောင့် မဆပ်သနည်းဟု ကျွန်တော် မမေးဖူးခဲ့ပါ။ အကြောင်းတစ်ခုခုကြောင့် မဆပ်ခြင်း ဖြစ်နိုင်ပါသည်။

သို့သော် ကျွန်တော် တကယ် လိုအပ်သည့်အချိန်တွင် သူငယ်ချင်းတစ်ယောက်အား ပြန်ဆပ်ရန် အတင်းတောင်းဖူးပါသည်။ သို့သော် ထိုသူငယ်ချင်းက စိတ်မဝင်စားပါ။ ကျွန်တော်လည်း ငွေဟူသည် ချေးပြီးလျှင် ကိုယ်မပိုင်တော့ကြောင်း သဘောပေါက်သွားသဖြင့် ထပ်မတောင်းဖြစ်တော့ပေ။ ထိုသူငယ်ချင်းနှင့်လည်း ယနေ့အထိ အဆက်အသွယ် မလုပ်တော့ပေ။ ငွေမဆပ်၍ မဟုတ်။ ကျွန်တော့်အတွက် အမှန်တကယ် လိုအပ်သည်ဟု မထင်တော့သောကြောင့် ဖြစ်သည်။

ကိုရှိုင်းကမူ ကျွန်တော့်ဆီက မျှော်လင့်စရာ ဘာမျှမရှိပါဘဲ ကူညီနေလေသည်။ သူ့နေရာတွင် ကျွန်တော်ဆိုလျှင် ကူညီနိုင်ပါ့မလားဟု စဉ်းစားမိရာ မလွယ်ကူကြောင်း ဆင်ခြင်တွေးဆမိသည်။ ငွေလာရှာကြသူချင်း ပြန်ရရန် မသေချာသည့် လူတစ်ယောက်ကို ရက်ရက်ရောရော ငွေထုတ်ပေးဖို့မှာ တွေးလေ မဖြစ်နိုင်လေပါပဲ။

“ငွေကတော့ ရှိသေးတယ်ကွ၊ ဒါပေမဲ့ ညအိပ်ရင် ခြင်ကိုက်တော့ တစ်ကိုယ်လုံး အဖုတွေချည်းပဲ၊ ပြီးတော့ အလုပ်ကလည်း ခုထိကို ဘာသံမှ မကြားသေးဘူး၊ ငါတို့ကို မင်းအားရင် အလုပ်လိုက်လျှောက်ပေးဦးဟ”

“ငါ့ဆီမှာ ခြင်ထောင်ရှိတယ်၊ မင်း အားရင် လာယူ၊ ပြီးတော့

mgyoe.com

mgyoe.com SAMPLE BOOK

စက်ဘီးတော့ ရှိတယ်၊ ငါလည်း ဘယ်မှမထွက်ရတော့ မစီးဖြစ်ဘူး၊ မင်း သုံးမယ်ဆိုရင် ခဏယူထား၊ အလုပ်လေးဘာလေး လျှောက်ရင် စီးသွားပေါ့၊ အလုပ်ကတော့ ငါလည်း လိုက်လျှောက်ပေးလို့ မရဘူး၊ ငါ့သူဌေးက အပြင်ပေးမထွက်ဘူး၊ ဒီလ အပြင်ထွက်တာ များလို့တဲ့၊ ကိုယ့်ဘာသာကိုယ် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လိုက်လျှောက်မှပဲ ရလိမ့်မယ်"

"လျှောက်တာက ဟုတ်တယ်ကွ၊ သူတို့က တရုတ်လိုပြောရင် ငါတို့မှ နားမလည်တာ"

"သူတို့ပြောရင် ငါ့ဆီ ဖုန်းဆက်လိုက်ကွာ၊ ငါ ပြောပေးမယ်"

ကိုရှိုင်းက သူ တတ်နိုင်သမျှ ကူညီပေးရှာသည်။ သို့သော် သူ ပြောသလို အလုပ်လျှောက်နေစဉ် သူ့ဆီ ဖုန်းဆက်ရန်မှာ မဖြစ်နိုင်။ လွယ်သည့်ကိစ္စ မဟုတ်။ သူက ဖုန်းထဲကနေ အလုပ်လျှောက်ပေးသည် ဆိုဦးတော့။ ဘာမျှ နားမလည်သည့် ကျွန်တော်တို့လို အလုပ်သမားကို ဘယ်တရုတ်သူဌေးက သုံးချင်မည်နည်း။ ထို့ကြောင့်လည်း အလုပ်ကိစ္စနှင့် ပတ်သက်၍ သူ့ကို အပူမကပ်ရန် ဆုံးဖြတ်လိုက်သည်။

ယခု ကျွန်တော်တို့ နေသည့်နေရာသည် ကျွန်းတောတွင် နေခဲ့စဉ်ကလို အိမ်သာ အခက်အခဲ မဖြစ်။ အကောင်းကြီး မဟုတ်သော်လည်း အဆင်ပြေပါသည်။ ဘိလပ်နှင့်လုပ်ထား၍ အမိုးတွင် အလေ့ကျပေါက်သည့် ပေါင်းပင်နွယ်ပင်များက နေရာလပ်မရှိအောင် အုပ်ဆိုင်းနေသည်။ တိုက်နှင့် အိမ်သာအကြားတွင် ဆောက်လုပ်ရေးပစ္စည်းများ ရှုပ်ယှက်ခတ်လျက် ရှိသလို ဝက်ချေးမနဲ့ပင်၊ ထိကရုန်းပင်များကလည်း ထူထပ်စွာ ပေါက်နေသည်။ အိမ်သာ တစ်ခါသွားလျှင် ထိုထိကရုန်းပင်လေးများကို စိမ့်က ဆော့တတ်သည်။ လက်ကလေးနှင့် ထိလိုက်လျှင် ညှိုးသွားတတ်သည့် သဘောသဘာဝကို စိမ့်က သဘောကျနေသည် ထင်သည်။

ကျွန်တော့်မှာ ရထားပိုးကောင်များ၊ ခရုငယ်များ၏ တွားသွားလှုပ်ရှားနေပုံကို အာရုံစိုက်နေရ၍ ထိကရုန်းပင်လေးများကိုပင် သတိမထားမိ။ ခပ်လှမ်းလှမ်းမှာ ရေချိုးနေကြသည့် မိန်းမကြီးများ၏ အသံကိုလည်း အတိုင်းသား ကြားနေရသည်။ အလုပ်ရှာရတာ မလွယ်ကူကြောင်း၊ သန့်ရှင်းရေးထဲ လူလိုလျှင် ခေါ်စေချင်ကြောင်း၊ အလုပ်မရှိသည်မှာ ခြောက်လမျှပင် ကြာပြီဖြစ်ကြောင်း၊ စသည်စသည်။

ထိုစကားများကို ကြားရလျှင် အလုပ်မရသေးသည့် ကိုယ့်ကိုယ်



mgyoe.com

mgyoe.com SAMPLE BOOK
ကိုယ် ရင်လေးမိ၏။ စားစရိတ်က တစ်နေ့တစ်နေ့ တရိပ်ရိပ် တက်လာသည်။ ဆန်ဖိုး၊ ဆီဖိုး နှစ်ခုစာပင် တစ်ရာကျော်လေသည်။ ဝင်ငွေဇီးရိုး၊ ထွက်ငွေဟီးရိုး ဖြစ်နေသောကြောင့် ဘာပဲလုပ်ရလုပ်ရ လုပ်ကိုလုပ်မည်ဟု ကြုံးဝါးထားသော်လည်း ဘာအလုပ်မျှ လောလောဆယ် မရှိ။ ခက်ချေပြီ။

စိမ့်က တစ်နေ့ အလုပ်ရရမည်ဟူသော ယုံကြည်ချက်ဖြင့် စိတ်အားမငယ်ပေ။ အားလျှင် အလုပ်လိုက်လျှောက်ရန်သာ ဆော်ဩနေတတ်သည်။ ကျွန်တော်ကသာ 'လျှောက်လည်း အလုပ်ရမှာ မဟုတ်ပါဘူး' ဟု တောင်တွေးမြောက်တွေး လုပ်နေသဖြင့် ဘယ်ကိုမှ မသွားချင် မလာချင် ဖြစ်နေရသည်။

စိမ့်နှင့် ကျွန်တော်က ခန္ဓာကိုယ်ချင်း သိပ်မကွာပေ။ ကျွန်တော်က ပိန်ပိန်ပါးပါး ဖြစ်သကဲ့သို့ စိမ့်ကလည်း သေးသေးသွယ်သွယ်၊ ဖြူဖြူဖွေးဖွေးလေး ဖြစ်သည်။ မျက်ခုံး၊ မျက်လုံးလည်း လှသည်။ အရပ်ပုသည် ဆိုသော်လည်း သူ့အရပ်၊ သူ့ခန္ဓာကိုယ်မှာ အံဝင်ခွင်ကျလွန်းသောကြောင့် ချစ်စရာကောင်းပါသည်။ စိမ့်က အသက် နှစ်ဆယ့်ငါးနှစ်ဟု ပြောလျှင်ပင် ဘယ်သူကမျှ မယုံကြ။ ဆယ့်ရှစ်နှစ်ဟုပင် ထင်တတ်ကြသည်။ ထို့ကြောင့်ထင်သည်။ ထွန်းဝေက စိမ့်ကို သဘောရိုး စကားလာပြောလျှင်ကို ပန်းနွယ်က မကြိုက်။ အူတိုတတ်သည်။ စိမ့်ကလည်း တစ်ခါမျှ ထွန်းဝေကို စကားစမပြောဖူး။ သူ လာမေးလျှင်သာ ပြန်ဖြေတတ်သည်။ ထိုအခါမျိုးဆိုလျှင် ပန်းနွယ်က သူ့ယောကျ်ားထွန်းဝေကို အမြင်မကြည်။ စကားမပြောတော့ဘဲ စူပုပ်နေတတ်သည်။

ကျွန်တော်က ပန်းနွယ်အကြောင်းကို သိသဖြင့် စိမ့်ကို သတိပေးထားရ၏။ စိမ့်ကလည်း သိပါသည်။ ထို့နောက်တွင် သူတို့နှစ်ယောက်နှင့် စကားသိပ်မပြောဖြစ်တော့ပေ။ သူတို့ အခန်းထဲမှာရှိလျှင် ကျွန်တော်နှင့် စိမ့်က အပြင်ရောက်နေတတ်သည်။ ဖော့ဆောင် သို့မဟုတ် အလုပ်လျှောက်တာမျိုး၊ တစ်ခုခု လုပ်နေတတ်သည်။

"ကို၊ သွားမယ်"

ကျွန်တော် စာဖတ်နေစဉ် စိမ့်က အရင်းမပါ အဖျားမပါ ခေါ်သည်။

"ဘယ်ကိုလဲ"

"ဘယ်ကိုလဲ မလုပ်နဲ့ ကိုရ၊ ခုထိ အလုပ်မရသေးဘူး၊ ဒီတိုင်းဆိုကြာရင် မလွယ်ဘူး၊ ပြီးတော့ သူတို့နဲ့နေရတာ စိတ်တွေ ရှုပ်လာလို့

mgyoe.com SAMPLE BOOK

အလုပ်ရရ၊ မရရ သွားလျှောက်မယ်၊ အတွေ့အကြုံ ရတာပေါ့"

"ကဲ၊ ဟုတ်ပါပြီ၊ ဘယ်ကို အရင်သွားမလဲ"

"တွေ့ရာ ပတ်လျှောက်မယ်၊ အခုတော့ ဒီ China Town ထဲ အရင်သွားမယ်"

စိမ့်က ကျွန်တော်တို့နေရာနှင့် မျက်စောင်းထိုးဘက်ကို လက်ညှိုးထိုးပြသည်။ China Town ထဲတွင် တရုတ်ဘုံကျောင်းရှိသည်။ China Town ဟူသည့်အတိုင်း တရုတ်သီးသန့်သာ နေထိုင်သည်။ ထိုအထဲတွင်လည်း စားသောက်ဆိုင် ကြီးငယ်များ ရှိသည်။ ဘယ်လောက်ပင် တရုတ်ပေါပေါ မြန်မာအလုပ်သမား မရှိသည့်ဆိုင်ဟူ၍ မရှိပေ။ ထို့ကြောင့် ဘာမျှကြောက်စရာ မလိုပေ။ ကိုယ်မသိလျှင် ဆိုင်ထဲရှိ မြန်မာတစ်ယောက်ယောက်ကို အကူအညီတောင်းလျှင် အဆင်ပြေသည်။

"ကဲ၊ ထပါဆို၊ မြန်မြန်လုပ်၊ အကြီလဲတော့"

စိမ့်က အဝတ်အစား ပြင်ဆင်ပြီးနေလေပြီ။ ကျွန်တော်က ဘာဝတ်ရကောင်းမလဲဟု စိတ်ကူးထဲ ရွေးနေ၍ ကြာနေသည်။ ကျွန်တော့် အကျင့်က အလုပ်တစ်ခုခုလုပ်လျှင် စိတ်ကူးနှင့် အရင်လုပ်တတ်၏။ စိမ့်အကျင့်က ထိုသို့မဟုတ်။ သူ ဆုံးဖြတ်ထားလျှင် ချက်ချင်း ထလုပ်တတ်သည်။ ဘေးလူကိုလည်း ချက်ချင်းလုပ်မှ ကြိုက်တတ်သည်။ စိမ့်အကြောင်းသိသူ ကျွန်တော့်ခမျာ ကလန်ကဆန် မလုပ်ရဲ၊ အလိုက်တသိ စက်ဘီးလေးထုတ်၍ နင်းရတော့သည်။

နေက ပူပြင်းလှ၏။ ကျောက်ကြားရေ၊ တိမ်ကြားနေ ဆိုသည့်စကားကို လက်မခံ၍ မဖြစ်တော့ပေ။ တိမ်စိုင်တိမ်လိပ်အကြားမှ ပြူထွက်နေသော နေမင်းကြီးသည် ရသည့်အချိန် တစ်ခဏကို တန်ဖိုးထားသည့်အလားရှိသမျှ အပူစွမ်းအင်ကို နမြောတွန့်တိုခြင်းမရှိဘဲ ထုတ်လွှတ်နေလေသည်။ နေပူပူတွင် စက်ဘီးတစ်စီးဖြင့် ဂျောက်ဂျက်မြည်အောင် နင်းနေရသော ကျွန်တော့်မှာ သေချင်စော်ပင် နံနေရ၏။ ဖြစ်နိုင်လျှင် ကွဲနေသော တိမ်ညိုနှစ်ခြမ်းကို ခန်းဆီးစပိတ်သလို လက်ဖြင့် ဆွဲပိတ်လိုက်ချင်သည်။

လမ်းတစ်လျှောက်တွင် ဆောက်လက်စ အထပ်မြင့်မြင့်တိုက်များက မှိုလိုပေါက်နေသည်။ ဆယ်ထပ်၊ ဆယ့်ငါးထပ် တိုက်များက စီရရီ။ 'ဟောဒီတိုက်တွေ အကုန်လုံး ဂိမ်းခုံတွေချည်းပဲ' ဟူသော ပွဲစားကောင်လေး၏ စကားကို ပြန်ကြားမိသည်။ သူ့ ပြောပုံအရဆိုလျှင် လူလိမ်အလုပ် လုပ်နေ

mgyoe.com

ကြသည့်သူက ကိုးဆယ်ရာခိုင်နှုန်းခန့်ပင် ရှိနိုင်လိမ့်မည်။ တကယ်လည်း ဟုတ်နိုင်ပါသည်။ မြန်မာပြည်ကနေ ထွက်ခွာလာကြသည့် ပညာတတ်လူငယ် အတော်များများ ဒီဂရီမ်းခံ့တွေထဲမှာ ရောက်ကုန်ကြသည်ချည်း။

ပညာမတတ်၊ ကျောင်းမနေခဲ့ကြသည့် လူငယ်၊ လူရွယ်များမှာ ပန်းရန်နောက်လိုက် ဖြစ်သူကဖြစ်၊ ပန်းရန်ခေါင်းဆောင် ဖြစ်သူကဖြစ်၊ ကိုယ်ပိုင်ဆိုင်ခန်းလေးဖွင့်သူကဖွင့်နှင့် အဆင်ပြေသလိုလုပ်ကိုင်နေကြရသည်။

"ကို၊ ဒီဆိုင်မှာ ဝင်လျှောက်ကြည့်ရအောင်"

စိမ့်က စက်ဘီးပေါ်ကနေ လွှားခနဲ ခုန်ဆင်းလိုက်၏။ ကျွန်တော်က ဖြည်းဖြည်းဆင်းဟု ပြောရန် နောက်လှည့်ကြည့်ခိုက်တွင် စိမ့်မှာ ဆိုင်ပေါက်ဝ ပင် ရောက်နေလေပြီ။ ကျွန်တော်လည်း စက်ဘီးကို နေရိပ်သည့် တစ်နေရာ မှာ ဒေါက်ထောက်၍ ရပ်ခဲ့ပြီးမှ စိမ့်ဆီ ပြေးသွားရသည်။ မျှော်မှန်းထားသလို ပင် ဆိုင်ထဲမှာ မြန်မာအလုပ်သမား မိန်းကလေးတချို့ကို တွေ့ရ၏။

"ညီမ၊ ဒီဆိုင်မှာ လူမလိုဘူးလား" ဟု စိမ့်က မေးလိုက်ရာ ကောင်မလေးတစ်ယောက်က ဘာပြန်ပြောရမည်မှန်း မသိသည့်ပုံစံဖြင့် အင်တင်တင် လုပ်နေသည်။

"ဩော်၊ အလုပ်လာလျှောက်တာလား၊ မလိုလောက်ဘူးအစ်မ၊ ဆိုင်က ဧည့်လည်းပါးတော့ ရှိတဲ့လူတွေတောင် ဖြုတ်နေတာ၊ မနေ့က ကောင်လေးတစ်ယောက်တောင် အားရင် အိပ်နေလို့ဆိုပြီး အလုပ်ထုတ် လိုက်တာ၊ တကယ်က အကြောင်းပြချက် ရှာတာပါ၊ ဧည့်မရှိလို့ ပိုနေလို့ ဖြုတ်တာပါပဲ"

အာသွက်လျှာသွက်ရှိသည့် ကောင်မလေးတစ်ယောက်ကမူ စားပွဲခုံ သုတ်နေရာမှ ဝင်ဖြေသည်။ ဆိုင်ထဲတွင်လည်း ဧည့်သည်ဟူ၍ မရှိ။ အလုပ် သမား လေး၊ ငါးယောက်သာ တွေ့ရသည်။

"ဩော်၊ ဟုတ်လား၊ ဒါပေမဲ့ လိုရမည်ရ ညီမတို့ သူဌေးကို မေးကြည့်ပေးပါဦး"

"သူဌေးကို သွားမေးလည်း အတူတူပဲ အစ်မ၊ မလိုသေးဘူးပဲ ပြောမှာ"

"ဩော်၊ ကျေးဇူးနော် ညီမ"

ထိုကောင်မလေးက ရည်ရည်မွန်မွန် ပြန်ဖြေပေး၍ တော်သေး သည်။ တချို့ကောင်မလေးများမှာ ထိုသို့ထပ်ကွန့်လျှင် မကြိုက်။ သူတို့က



mgyoe.com

mgyoe.com SAMPLE BOOK
မလိုဟုဆိုလျှင် လုံလောက်ပြီ။ ထပ်မေးမြန်းပါက မျက်စောင်းခဲ၍ ဆူဆောင့် ပြောလွှတ်တတ်သည်။

မည်သို့ဖြစ်စေ အလုပ်လိုက်လျှောက်ရန်ကိုမူ ကျွန်တော် စိတ်မပါ တော့ချေ။ အလုပ်လျှောက်လိုက်တိုင်းမှာ အငြင်းခံရသည့်အဖြစ်ကို စိတ်ပျက် လာသည်။ အောက်ကျနောက်ကျ နိုင်သည်ဟုလည်း ကျွန်တော်က ထင် သည်။ စိမ့်က ကျွန်တော့်လို ပေါက်ကရတွေးပြီး ကြေကွဲဝမ်းနည်းရန်ပင် အချိန်မရ။ တွေ့သည့်ဆိုင် အကုန်ဝင်မေးသည်။

"တရုတ်လို ပြောတတ်လားတဲ့"

နောက်တစ်ဆိုင်ရောက်တော့ ဆိုင်ထဲရှိ မြန်မာကောင်မလေးက ဘာသာပြန်ပေးသည်။ ကျွန်တော်တို့ကလည်း မတတ်၍ မတတ်ကြောင်း ပြောလိုက်လျှင် ပြီးသော်လည်း ကိုယ်တတ်ထားသည့် မတတ်တခေါက် ပညာလေးကို အားကိုး၍ အင်္ဂလိပ်လို နားလည်ကြောင်း ကွန့်လိုက်သည်။ တရုတ်ကြီးက ရယ်ကျဲကျဲလုပ်ရင်း တစ်ခုခုကို ပြောင်သလို၊ နောက်သလို မျက်နှာထားဖြင့် ပြန်ပြော၏။

"အင်္ဂလိပ်စာတတ်တော့ ဘာလုပ်ရမှာလဲတဲ့၊ လူမလိုသေးဘူးတဲ့၊ ဟုတ်တယ် အစ်မရဲ့၊ ဒီနိုင်ငံမှာက တရုတ်တွေပဲ ဦးဆောင်တာဆိုတော့ တရုတ်လိုတတ်မှ အလုပ်ရမှာ၊ ဘာလို့လဲဆိုတော့ အင်္ဂလိပ်လိုပြောရတဲ့ တခြားနိုင်ငံက လူတွေတောင် ဒီလာပြီး အလုပ်လုပ်နေကြတာ"

ထိုကောင်မလေး၏ စကားမှာ ဖြစ်နိုင်ပါသည်။ ဂိမ်းခုံထဲတွင် လူမျိုး ပေါင်းစုံကို ကျွန်တော် မြင်ဖူး၏။ ယုတ်စွအဆုံး အမေရိကန်သူ သုံး၊ လေးယောက်ကိုပင် မြင်ဖူး၏။ ဘာအတွက် ဒီအလုပ်ကို ဒီနိုင်ငံတွင် လာလုပ်ရသနည်းဟု စဉ်းစား၍မရ။

စိမ့်နှင့် ကျွန်တော် ကြုံခဲ့ရသည့် အဖြစ်အပျက်တို့ကို ပြန်တွေးရင်း ရယ်ရကောင်းမလား၊ စိတ်ပျက်ရကောင်းမလား ဝေခွဲမတတ် ဖြစ်မိသွားရ သည်။ သို့သော် စိမ့်သည် စိတ်ပျက်ရမည့်အစား ရယ်နေပါသည်။ ကျွန်တော် လည်း စိမ့်နှင့်အတူ ရောယောင်၍ အားနာပါးနာ ရယ်နေမိသည်။ China Town ထဲရှိ ဆိုင်ဟု ခေါ်ဆိုအပ်သော နေရာမှန်သမျှ၌ အကုန်လိုက်လျှောက် ရာမှာ နောက်ဆုံးတွင် လူမလို ဟူသော အဖြေတစ်မျိုးတည်းသာ တညီ တညွတ်တည်း ထွက်လာပါသည်။

■


mgyoe.com

mgyoe.com SAMPLE BOOK

# ( ၄ )

"ဒီအတိုင်းနေလို့တော့ မရတော့ဘူး ကိုရေ၊ တရုတ်စာလေး ဘာလေး လေ့လာမှ ဖြစ်တော့မယ်"

အခန်းထဲ ဝင်ဝင်ချင်း စိမ့်က သူ့ခန္ဓာကိုယ်ကို အိပ်ရာပေါ် မညှာမတာ ပစ်လှဲချလိုက်သည်။ ထို့နောက် ရုတ်တရက် ကောက်ထိုင်လိုက်ပြီး သက်ပြင်းရှည်ကြီးဆွဲကာ ဆက်ပြော၏။

"စိမ့်တို့ တရုတ်လို နားမလည်လို့ အလုပ်မရတာနေမှာ သိလား၊ အဲဒါကြောင့် ဒီနေ့ကစပြီး လေ့လာဖြစ်အောင်ကို လေ့လာရမယ်"

"အင်း၊ ဘယ်ကနေ စလေ့လာကြမလဲ"

ကျွန်တော်က စိမ့်စကားနောက် အလိုက်သင့်လေး မေးလိုက်သည်။

"ပထမဆုံး အလုပ်လျှောက်တာနဲ့ ပတ်သက်တဲ့ စကားလေးတွေကို အရင်ကျက်ရအောင်၊ ဒါမှပဲ ကိုယ့်ဘာသာ လျှောက်တတ်မှာ"

အပြင်တွင် နေပူရှိန်သည် အလွန်ပူပြင်းရကား အခန်းထဲအထိ အပူလှမ်းဟပ်လေသလား ထင်ရလေ၏။ စိမ့်က အပူဒဏ်မခံနိုင်၍ ဘေးပတ်ပတ်လည်တွင် ယပ်ခတ်စရာတစ်ခုခု ရှိလိုရှိငြား လိုက်ရှာသည်။ ကျွန်တော်က စိမ့်ကို မနက်က ဝယ်လာခဲ့သည့် ဗလာစာအုပ် ကမ်းပေး



mgyoe.com

mgyoe.com SAMPLE BOOK

လိုက်၏။

"စာအုပ်မြင်မှပဲ သတိရတယ်၊ ဒီညကစပြီး ဒီစာအုပ်ထဲမှာ လိုအပ်မယ်ထင်တဲ့ တရုတ်စကားတွေ အကုန်ရေးရမယ်"

"ကဲပါ၊ အဲဒါ ခဏထားဦး၊ လောလောဆယ် အေးအေးလူလူ နားရအောင်၊ ရာသီဥတုကလည်း ပူရန်ကော၊ အဲကွန်းလေးရှိရင် ဘယ်လောက်များ ဖိမ်ကျလိုက်မလဲ"

စိမ့်က ကျွန်တော့်ကို မျက်စောင်းခဲ၍ ကြည့်ရင်း "အလုပ်သာ အရင်ရအောင် ရှာစမ်းပါ" ဟု ခနဲ့လေသည်။ စိမ့်ရော ကျွန်တော်ပါ တစ်မြို့လုံးနီးအောင် အလုပ်ပတ်ရှာရသောကြောင့် လူလည်း နွမ်းနေချေပြီ။ ထွန်းဝေနှင့် ပန်းနွယ်က ဘယ်မှမသွား။ အိပ်ရာထဲ လှဲနေရင်း ဖုန်းကိုသာ ကြည့်နေကြသည်။

လူငယ်သဘာဝ ဆိုသော်လည်း သူများနိုင်ငံလာပြီး ပျင်းတိပျင်းတွဲ ဖြစ်နေသည့် သူတို့ကိုကြည့်ပြီး စိတ်မကောင်း။ ဘာအတွက် ဒီနိုင်ငံ လာရသလဲ ဆိုတာကို သူတို့ သတိပင် ရပုံမပေါ်။ သို့သော် 'အလုပ်မရသေး' ဟူသော ညည်းသံကိုမူ နေ့တိုင်းလိုလို ကြားရသည်။ ကောင်းတော့လည်း ကောင်းပါသည်။ သူတို့က မပင်မပန်းဘဲ အလုပ်မရကြသူတွေ။ ကျွန်တော်တို့က ပင်ပန်းပြီး အလုပ်မရကြသူတွေ။ ဒီနိုင်ငံတွင် ကြိုးစားသူအဖို့ ဆုလာဘ်သည် ရှိမှရှိပါလေစ။

ထို့နောက် စိမ့်နှင့် ကျွန်တော် ဖေ့စ်ဘွတ်ပေါ်မှ တရုတ်စာ တင်ပေးသည့် ဂရု၊ ပေ့ချ်များကို ဝင်ကြည့်လိုက်၊ လိုအပ်မည်ထင်သည့် စကားအတိုအထွာလေးများကို ဆော့ဖ်ထားပြီး အလွတ်ကျက်လိုက်နှင့် အလုပ်ရှုပ်နေကြရ၏။ ထွန်းဝေနှင့် ပန်းနွယ်က လှဲနေရင်းကနေ ကျွန်တော်တို့ကို လှမ်းကြည့်ကြသည်။ သို့သော် ဘာမျှမပြော။ 'ကျက်လည်း အလုပ်ရမှာ မဟုတ်ပါဘူး' ဟု သူတို့စိတ်ထဲမှာ ထင်ချင်လည်း ထင်နေနိုင်လိမ့်မည်။

တစ်ရက်တွင် ကျွန်တော်တို့ အခန်းဆီသို့ ပန်းရန်အလုပ်သမား သုံးယောက် ရောက်လာကြသည်။ ထုံးစံအတိုင်း နေစရာမရှိ၍ လာနေခြင်း ဖြစ်သည်။ ကျွန်တော်တို့မှာလည်း ကပ်နေရသူများ ဖြစ်ကြ၍ မလာနှင့်ဟု ပြော၍မကောင်း။ သူလိုကိုယ်လို ဒုက္ခရောက်၍ လာနေကြရသူချင်း ကိုယ်ချင်းစာသည်။ အထူးသဖြင့် အစ်ကိုအရွယ်၊ ဦးလေးအရွယ်တွေ ဖြစ်သောကြောင့် ကိုယ့်အစ်ကို၊ ကိုယ့်ဦးလေးဟုပင် ယူဆပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ လေးယောက်က တစ်ခန်း သီးသန့်ဖြစ်၍ စိတ်အနှောင့်အယှက် မဖြစ်ပေ။ သူတို့ကလည်း သူတို့ဘာသာ နေကြ၏။ ကျွန်တော်တို့ အိပ်နေသည့် အခန်းထဲသို့ ခြေဦးပင်မလှည့်။ သို့သော် ဟင်းချက်ချိန်၊ အပြင်ထွက်ချိန်ဆိုလျှင် သူတို့နေရာကနေ ဖြတ်သွားရသည်။ နှစ်ရက်ခန့်ကြာတော့မှ တစ်ယောက်နှင့်တစ်ယောက် မျက်မှန်းတန်းမိပြီဖြစ်၍ မေးထူးခေါ်ပြော ရှိလာ၏။ ကျွန်တော်ကလည်း ခင်မင်တတ်သူမို့ သူတို့သုံးယောက်နှင့် လူချင်း ရင်းနှီးစ ပြုလာသည်။ ထမင်းစားလျှင်လည်း ခွဲခြားခွဲခြား မလုပ်ဘဲ သူတို့ရှိလျှင် သူတို့နှင့်အတူတူ ချက်ပြုတ်စားသည်က များသည်။

တစ်နေ့ ထွန်းဝေက ထမင်းစားရင်း ပန်းရန်အလုပ်သမားကိုမြင့်ကျော်ကို စကားစသည်။ တခြားတော့ မဟုတ်ပေ။ ပတ်တီးရိုက်လိုက်သင်ရင်း နေ့စားလုပ်ချင်သည်ဟူ၍ ဖြစ်သည်။ ကိုမြင့်ကျော်ကလည်း ကိုယ့်ညီလို သဘောထားသူဖြစ်ရာ ခေါင်းဆောင်ကို ပြောပေးမည်၊ လိုက်ခဲ့ဟု ဆိုသည်။

"ငါတို့တော့ တစ်ရက် တစ်ရာ့နှစ်ဆယ် ရတယ်၊ ငါ့ညီ လုပ်ချင်ရင် တစ်ရက် တစ်ရာလောက်တော့ ပေးလောက်တယ်၊ ငါ ပြောပေးမယ်"

သို့နှင့် နေရင်းထိုင်ရင်း ထွန်းဝေက အလုပ်တစ်ခု ရသွားသည်။ ထိုအလုပ် မြဲ၊ မမြဲမှာမူ ထွန်းဝေ၏ ကြိုးစားအားထုတ်မှုအပေါ်၌ မူတည်သည်။ အပြင်ပန်းကိုကြည့်၍ ဆုံးဖြတ်ရလျှင် ထွန်းဝေ၏ သွင်ပြင်ပုံသဏ္ဌာန်သည် စွဲစွဲမြဲမြဲ လုပ်ကိုင်တတ်မည့်ပုံမျိုး မရှိချေ။ သို့သော် အလုပ်မြဲခြင်း၊ မမြဲခြင်းကို ပူပင်ရန် သူ့မိန်းမပန်းနွယ်တစ်ယောက်လုံး ရှိနေသည်မို့ ကျွန်တော့်အမြင်၊ အတွေး၊ ကောက်ချက်အားလုံးကို ဘေးချထားလိုက်၏။ ပန်းနွယ်က သူ့ယောကျ်ား အလုပ်ရပြီဖြစ်၍ ဘေးကနေ ပြုံးစိစိ ဖြစ်နေသည်။ လင်မယားနှစ်ယောက်အနက် တစ်ယောက်လုပ်ခရှိလျှင် နေရေး၊ စားရေး ပူပင်စရာ မရှိတော့ပေ။

စိမ့်က ထွန်းဝေ အလုပ်ရသွားသည်ကို မြင်သောအခါ ကျွန်တော့်ကိုပါ ပတ်တီးရိုက်လိုက်ရန် နှိုးဆော်လေသည်။ ကျွန်တော်က အမြင့်ကြောက်သူ ဖြစ်သည်က တစ်ကြောင်း၊ တစ်ခါမျှ မလုပ်ဖူးသည့် အလုပ်ဖြစ်၍ မလုပ်ရဲသည်က တစ်ကြောင်းကြောင့် အသာလေး ငြိမ်ကုပ်နေရန်သာ စိတ်ကူးထားသည်။ သို့သော်လည်း ဒီနိုင်ငံတွင် အလုပ်ရွေးနေ၍ မည်သို့

mgyoe.com

mgyoe.com SAMPLE BOOK
ရနိုင်မည်နည်း။ ကိုယ်မလုပ်ဖူးသည့် အလုပ်သာ ရှိသည့်နိုင်ငံတွင် ကြုံရာကျပန်း လုပ်နိုင်မှ အဆင်ပြေမည်ဟု သဘောပေါက်သဖြင့် ကိုမြင့်ကျော်ကို ကျွန်တော်ပါ အလုပ်လုပ်လိုကြောင်း ပြောရသည်။ ကိုမြင့်ကျော်က ခဏတဖြုတ် စဉ်းစားဟန်ပြုပြီးမှ အဆင်ပြေကြောင်း ပြောလေသည်။

"ငါ့ညီတို့ကိုတော့ ငွေတန်းရှင်းပေးမလား မပြောတတ်ဘူး၊ ငါတို့တော့ သုံးလပေါင်းမှ တစ်ကြိမ် ထုတ်ပေးတာပဲ၊ ဒါတောင် မပေးချင်၊ ပေးချင်နဲ့"

ကိုမြင့်ကျော်က သူတို့ကြုံရသမျှကို ရှင်းပြသည်။ ကျွန်တော့်မှာ ငွေလက်ငင်းမရဟူသော စကားကို ကြားရသဖြင့် အလုပ်လုပ်ရန်ပင် အားမရှိတော့ပေ။ စိမ့်က ငွေမရလျှင်တောင် အတွေ့အကြုံ၊ ပညာတစ်ခုခု ရကြောင်း ထပ်ပြောရာ မထူးတော့ဟု သဘောပိုက်လျက် ထိုအလုပ်ကိုသာ ဝင်လုပ်ရန် ဆုံးဖြတ်လိုက်၏။

"တရုတ်သူဌေးတွေက အဲဒီလိုကြီးလား၊ သုံးလတစ်ကြိမ်ဆိုတော့ လက်ထဲမှာ ငွေမရှိဘဲ အဲဒီသုံးလ ဘာနဲ့ ထမင်းစားတုန်းဗျ၊ ကွမ်းဖိုး၊ ဆေးလိပ်ဖိုးက ရှိသေးတယ်၊ အလုပ်သမားတွေကရော ဘာမှ စောဒက မတက်ကြဘူးလား"

ကိုမြင့်ကျော်က ထမင်းတစ်လုတ်ကို ပါးစပ်ထဲ ထည့်သည်။ ဘယ်ဘက်လက်ထဲ မြှောက်ထားသည့် ထမင်းပန်းကန်ကို အောက်ချကာ ဝါးလျက်ရှိသည့် ထမင်းလုတ်ကို ကမန်းကတန်း မျိုချရင်း ဆက်ပြောသည်။

"လပေးနဲ့ ယူစားရတာပေါ့၊ ကြားထဲတော့ အကြွေးမှတ်ထားပြီး တစ်လပြည့်ရင် သွားဆပ်၊ ဒီလိုပဲ လည်ပတ်နေရတာပဲ၊ တစ်လပြည့်ရင်တော့ အကြွေးရှိလို့ ကြိုသုံးလေး ထုတ်ပေးပါ ဘာညာ ပြောတောင်းရတာပေါ့၊ အဲဒီအခါကျရင်တော့ တစ်ထောင်၊ ထောင့်ငါးရာ ထုတ်ပေးတယ်၊ သုံးလ တစ်ကြိမ်ပေးလို့ မလုပ်ချင်ဘူး ပြောလည်း သူတို့က ဘာအရေးစိုက်နေမှာတုံး ငါ့ညီရာ၊ အလုပ်သမားတွေ ဒီလောက်ပေါနေတာ၊ ငါတို့မလုပ်လည်း လုပ်မယ့်သူတွေ တန်းစီလို့"

"ဒါဆို ဒီမှာ လုပ်နေတဲ့ အလုပ်သမားတွေ အကုန်လုံးကို သုံးလမှ တစ်ခါပဲ ပေါင်းရှင်းတာပေါ့၊ ဒီလိုလား"

ထွန်းဝေက နားမလည်၍ ဝင်မေးသည်။

"အဲဒီလိုချည်းတော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ တချို့ လပြည့်တာနဲ့



mgyoe.com

mgyoe.com SAMPLE BOOK

ရှင်းပေးတာ ရှိတယ်၊ တချို့က ငါတို့လို သုံးလနေမှ ပေါင်းပေးတာပေါ့၊ ဒါပေမဲ့ တစ်ခါတလေကျ တရုတ်သူဌေးက ငွေမရှင်းတာတွေလည်း ရှိတယ်၊ အဲဒီလိုပေါ့၊ တချို့ကျလည်း တရုတ်သူဌေးက ပေးတယ်၊ ပေးပြီး ဘယ်လို ဖြစ်သလဲဆိုတော့ ပန်းရန်ခေါင်းဆောင်က မရသေးဘူး ဘာညာနဲ့ လုပ်တော့ တာပဲ၊ မသိရင် အထက်ကပဲ မပေးသလိုလိုပေါ့၊ တကယ်က မြန်မာ ခေါင်းဆောင်ကိုက ကလိမ်ကျတာ"

"ဟင်"

ပန်းနွယ်ဆီက အာမေဍိတ်သံ ထွက်ကျလာသည်။

"ဆိုက်တွေထဲမှာ လုပ်ရတာလည်း မလွယ်ပါလားနော်"

စိမ့်က တစ်ချက်ညည်းလိုက်ပြီးမှ ရေတစ်ကျိုက် မော့သောက်၏။

"ဘယ်လွယ်မလဲ၊ ဒီထက် ဆိုးတာတွေတောင် ရှိသေးတယ်၊ တစ်လောတုန်းက မြစ်ဆိပ်နားက နှစ်ထပ်၊ အဲ၊ နှစ်ထပ်လား၊ သုံးထပ်လား ပဲ၊ သိပ်တော့ မမှတ်မိတော့ဘူး၊ အဲဒီတိုက်ကြီး ဆောက်တုန်းကဆိုရင် ပြီးခါနီးပြီနော်၊ ပြီးတောင် ပြီးပြီနဲ့ တူပါတယ်၊ ဆောက်လို့လည်းပြီးရော ဘယ်လိုဖြစ်သလဲဆိုရင် တရုတ်သူဌေးက ထွက်ပြေးပါလေရော"

ကိုမြင့်ကျော် နံဘေးတွင် ထိုင်နေသည့် ဦးလှဝင်းက သူ ကြုံခဲ့ရ တာတွေကို ပြောပြ၏။

"ဟင်၊ ဒါဆို ငွေ မရဘူးပေါ့"

ပန်းနွယ်က မျက်လုံးပြူးလျက် အလန့်တကြား ထမေးသည်။

"ဩော်၊ မပေးချင်လို့တောင် ထွက်ပြေးပါတယ်ဆိုမှ ဘယ်ရတော့ မလဲ၊ ငွေရှင်းတော့မယ်လည်းဆိုရော လှစ်ခနဲဆို ဘယ်တောင် လိုက်ရှာရမှန်း မသိဘူး၊ ငါ့အထင်တော့ တရုတ်ပြည် ပြန်သွားတာပဲ နေမှာ၊ အဲ၊ မေ့လောက် ပြီဆိုကာမှ ပြန်လာသဗျား"

ဆောက်လုပ်ရေး လုပ်သားဘဝသည် မလွယ်လှ။ ဒီနိုင်ငံတွင် ဒီလိုနှင့် လုံးချာလည်နေရသည့် ဘဝတွေ များလှ၏။ ဆောက်လုပ်ရေး ကလည်း ဒီဒေသတွင် နေရာလပ်မကျန်အောင် များပြားသည်။ ဆောက်လုပ် ရေးလုပ်ငန်းများခြင်းသည် မြန်မာလုပ်သား များပြားလာခြင်းနှင့် တိုက်ရိုက် အချိုးကျသည်။ မြန်မာပန်းရန်လုပ်သား များပြားလာခြင်းသည် အလုပ်ရှိပြီး အဆင်မပြေသူ များပြားလာခြင်းလည်း ဖြစ်လေသည်။ ခေါင်းဆောင်ဆိုသူ များသာ အဆင်ပြေကြ၏။ လည်သူစားကြေး ဟူသောစကားသည်

mgyoe.com

mgyoe.com SAMPLE BOOK

ဒီဒေသ၏ ရေပန်းအစားဆုံး စကားလုံး ဖြစ်သည်။ သို့သော် တရုတ်စကား မတတ်သူ အလုပ်သမားအများစုမှာ အခံဘက်ကချည်းသာတည်း။

***

"ကို၊ ထ၊ ထ၊ မျက်နှာသစ်၊ ဟိုမှာ ကိုမြင့်ကျော်တို့ အလုပ်သွားတော့မယ်၊ ကိုတို့စားဖို့ စိမ့်လည်း မနက်စာ ပြင်လိုက်ဦးမယ်"

ငါးနာရီခွဲပဲ ရှိသေးသည်။ စိမ့်လည်း ဘယ်အချိန်ကတည်းက နိုးနေသည်မသိ။ ကျွန်တော်လည်း အလုပ်သွားရမည်ဖြစ်၍ ကမန်းကတန်း ထကာ မျက်နှာသစ်ရသည်။ ထို့နောက် စိမ့်ပြင်ပေးသည့် ထမင်းဆီဆမ်းနှင့် ကြက်ဥကြော်ကို စားပြီး ငါးယောက်သား ပတ်တီးရိုက် အတူသွားကြ၏။ အဝေးကြီးတော့ မဟုတ်။ ကျွန်တော်တို့တိုက်နှင့် မျက်နှာချင်းဆိုင်ရှိ တစ်ထပ်တိုက်ခန်း ပုပုလေးတွေဆီ သွားရခြင်း ဖြစ်သည်။ နံနက်စာ စားပြီးပြီးချင်း ထွက်လာရသဖြင့် စိမ့်နှင့် စကားကြာကြာပင် မပြောခဲ့လိုက်ရ။

ကျွန်တော့်စိတ်ထဲတွင် စိမ့်ကို သတိရနေ၏။ ဒီနိုင်ငံ စရောက်ကတည်းက စိမ့်မပါဘဲ ဘယ်ကိုမှ ကျွန်တော် မသွားဖူးခဲ့။ တစ်ခုခု လိုအပ်နေသလိုလို ဟာတာတာကြီး ဖြစ်နေရသည်။ ဒီကိစ္စ ကိုမြင့်ကျော်သိလျှင် ကျွန်တော့်ကို အမြင်ကတ်ချင် ကတ်သွားနိုင်သည်။ သို့သော် မတတ်နိုင်။ စိမ့်ကို ကျွန်တော် လွမ်းသည်။ ဒါ အမှန်တရားပဲ ဖြစ်ပါသည်။

အခန်းထဲတွင် ပန်းနွယ် ရှိသော်လည်း စိမ့်ကို ကျွန်တော် စိတ်မချ။ စိမ့် တစ်ခုခုဖြစ်မှာ စိုးရိမ်၍ အလုပ်ထဲကနေ စိမ့်ရှိရာ တိုက်ခန်းဘက်ဆီ ငေးကြည့်နေမိသည်။ သို့သော် စိမ့်ကို ကျွန်တော် မမြင်ရ။ ထိုသို့ မမြင်ရလေ ပို၍လွမ်းလေ ဖြစ်သည်။ ထို့နောက် ကျွန်တော့်မှာ စိမ့်ဆီကို ဖုန်းသာ ဆက်ရတော့၏။ စိမ့်ဆီက အဝတ်လျှော်နေကြောင်း၊ ဟင်းချက်နေကြောင်း၊ စာဖတ်နေကြောင်း ကြားသိရမှ နေသာထိုင်သာ စိတ်ချလက်ချ ဖြစ်ရတော့သည်။

ထွန်းဝေက ကိုမြင့်ကျော် ပတ်တီးမွေနေသည်ကိုမြင်၍ ကူနေသည်။ ကျွန်တော့်မှာ ဘယ်ပစ္စည်းကို စကိုင်ရမည်မှန်း မသိသဖြင့် ထိုင်ရခက် ထရခက် ဖြစ်နေသည်။ မနက်ကတည်းက မည်မည်ရရ ဘာမျှမလုပ်ရသေး။

"လာ၊ လာ၊ ငါ့ညီ၊ ဟောဟိုပုံးထဲ မွေပြီးသား ပတ်တီးထည့်ခဲ့၊

mgyoe.com

mgyoe.com SAMPLE BOOK

သံလက်ကိုင်တတ်လား၊ မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲဒီလို မကိုင်ရဘူး၊ ဒီမယ်ကြည့်၊ ပတ်တီးယူပြီးရင် ဟောဒီလို ဘယ်ဘက်ကို ခြစ်ချလိုက်၊ ပြီးရင် ညာဘက်ကို တစ်ခါ ထပ်ခြစ်၊ ဒီအတိုင်း နှစ်ခါ၊ သုံးခါလောက် ပြောင်းခြစ်၊ သပ်သပ်ရပ်ရပ်လေး ဖြစ်သွားအောင်၊ ပြီးရင် အောက်ကနေ သာသာလေး အပေါ်ခြစ်ဆွဲချလိုက်၊ သုတ်ကတည်းက အပေါ်က မသုတ်ရ ဘူး၊ အောက်ကနေ ပင့်သုတ်ရတယ်၊ တွေ့လား၊ ရော့ စမ်းလုပ်ကြည့်"

ကျွန်တော်က ကိုမြင့်ကျော်လုပ်သလို ပတ်တီးကို ဘယ်ညာပြောင်း သုတ်ကြည့်ရာ သံလက်နှစ်ခုကြားရှိ ပတ်တီးများမှာ အောက်သို့ အကုန် ကျကုန်သည်။ ဒုတိယအကြိမ် ထပ်လုပ်ကြည့်တော့မှ နည်းနည်းဟုတ် လာသည်။ အယူအဆ သဘောတရား ခေါက်မိလာသည်။

ကိုမြင့်ကျော်တို့က သဘောကောင်း၍ တော်ပါသေးသည်။ ကျွန်တော်တို့ကို မလုပ်တတ်ရကောင်းလားဟု ငေါက်ခြင်း၊ ငမ်းခြင်းမရှိ။ ကျွန်တော်လုပ်ပုံ မှားနေလျှင် "အဲဒီလို မလုပ်ရဘူး၊ ဒီလိုလေးဆွဲ" ဟု သင်ပြပေးသည်။ နံရံသုံးဘက်ခန့် သုတ်ပြီးသောအခါ ကျွမ်းကျွမ်းကျင်ကျင် မဟုတ်စေကာမူ ကြည့်ပျော်ရှုပျော် အဆင့်လောက်အထိ လုပ်နိုင်လာသည်။

"ဒီလိုကျတော့လည်း မြေဖြူကိုင်တဲ့လက်က ဘယ်ဆိုးလို့လဲ၊ ဘယ့်နှယ်လဲ၊ စာသင်ရတာလောက် မခက်ဘူးမဟုတ်လား"

ကိုမြင့်ကျော်က ပတ်တီးဆွဲနေရင်း ကျွန်တော့်ကို နောက်နေသည်။ ကျွန်တော်က ဘာပြန်ပြောရမှန်း မသိ၍ ပြုံးရုံသာ ပြုံးပြလိုက်သည်။

ဒုတိယရက်တွင် လက်ဆမှန်လာသည်။ ဘာပြီးလျှင် ဘာလုပ်ရမည် ကို သိလာသည်။ ပတ်တီးဖျော်နည်း၊ ဆွဲနည်းများကို ကိုမြင့်ကျော်မကူဘဲ လုပ်တတ်လာသည်။ သို့သော် သူတို့လိုတော့ မမြန်သေးပေ။ ကိုမြင့်ကျော် တို့က ကျွန်တော်လုပ်ပုံကိုကြည့်ပြီး "တတ်တာမြန်သားပဲ" ဟု ထောမနာ ပြု၏။

ငါးရက်ခန့် အလုပ်ဆင်းပြီးနောက် ကျွန်တော့်ကိုချန်၍ ထွန်းဝေနှင့် ကိုမြင့်ကျော်တို့ စုစုပေါင်း လေးယောက်သာ အလုပ်ဆင်းသည်။ ကျွန်တော့် ကို အဘယ်ကြောင့် ချန်လှပ်ခဲ့သည်ကိုမူ မသိရ။ ကျွန်တော်နှင့် စကား များခြင်း၊ ရန်ဖြစ်ခြင်းလည်း မရှိ။ ငါးရက်လောက်လုပ်ပြီး လုပ်ငန်းကျွမ်းကျင် ခါနီးမှ ယခုကဲ့သို့ ချန်ခဲ့ခြင်းကြောင့် စိတ်ထဲ ခုနေမိသည်။ သို့သော် သူတို့ မခေါ်လျှင် ကျွန်တော် မလိုက်ရုံသာ ရှိပါသည်။

mgyoe.com SAMPLE BOOK

"မခေါ်ချင်လို့နေမှာပေါ့ ကိုရယ်၊ ထားလိုက်ပါလေ၊ ဘာမှတော့ မဖြစ်ပါဘူး၊ သူတို့ပိုက်ဆံဆိုတာကလည်း ရဖို့သေချာတာမှ မဟုတ်တာ၊ စိမ့်တို့ဘာသာ တခြားအလုပ် သွားရှာတာပေါ့"

စိမ့်က သဘောထား ပြည့်ဝသည်။ ကိုမြင့်ကျော်တို့ကို စိတ်ခုခြင်း မရှိ။ သူ့အကြောင်းနှင့်သူ မခေါ်ခြင်းဖြစ်သည်ဟု နားလည်သည်။ စိမ့်က အေးအေးလူလူ ဖြစ်သလို ကျွန်တော့်မှာလည်း ပူပန်စရာ အကြောင်းမရှိ။ နေပူစပ်ခါး သွားလာပြီး ပတ်တီးရိုက်ရသည့် အလုပ်ကို အမြဲတမ်းလည်း မလုပ်နိုင်သဖြင့် ယခုကဲ့သို့ စောစောစီးစီး ခွဲခွာခဲ့သည့်အပေါ် ကိုမြင့်ကျော်တို့ကို ကျေးဇူးပင် တင်သင့်ပါသေးသည်။

"ကိုလည်း စိတ်မဝင်စားပါဘူး စိမ့်ရယ်၊ နေ့စားခလေး ရမလားလို့သာ လိုက်နေတာ၊ ခုလို မခေါ်ချင်မှန်းသိရင် အစကတည်းက မလိုက်ပါဘူး"

"မခေါ်တော့လည်း အေးအေးဆေးဆေး နားရတာပေါ့၊ နော့၊ ကဲ၊ ဒီနေ့ အလုပ်နားတဲ့ အထိမ်းအမှတ်အနေနဲ့ ဘာချက်ကျွေးရမလဲ ပြော"

စိမ့်က ကန်စွန်းရွက်သင်ရင်း ပြုံး၍ ပြော၏။ စိမ့်ပုံစံက တစ်ခါတစ်ခါ ကလေးလေးလို ဖြစ်လာလိုက်၊ တစ်ချက်တစ်ချက် ရင့်ကျက်သည့် ဇနီးသည်လို ဖြစ်သွားလိုက်။ ကျွန်တော့်မျက်စိထဲတွင် စိမ့်ကို အဖြူ၊ အစိမ်း ဝတ်စုံလေးနှင့် မြင်ယောင်မိသည်မှာ အခါခါ။ တကယ်တော့ စိမ့်ပုံစံက အဖြူ၊ အစိမ်းလေးနှင့် ပို၍ လိုက်ဖက်ပါသည်။ စာသင်ခန်းထဲတွင် ရယ်ရယ် ပြုံးပြုံး စာသင်နေသည့် စိမ့်နှင့် ဆောက်လက်စ တိုက်ခန်းထဲ ဖရိုဖရဲ ထိုင်ပြီး ကန်စွန်းရွက်သင်နေသည့် စိမ့်ကို ယှဉ်ကြည့်နေမိသည်။

ဘဝတွေက ခြားနားခဲ့လေပြီ။ "စိမ့်ကနော် ကိုယ့်မေဂျာမဟုတ်တဲ့ သမိုင်းကိုတောင် ဂုဏ်ထူးသုံးယောက်ထွက်အောင် သင်ခဲ့တာဗျ၊ သိလား" ဟု ပြောခဲ့စဉ်က မာန်မာနမျိုး စိမ့်မျက်နှာတွင် မတွေ့ရ။ "စိမ့်အတွက် ဂုဏ်အယူခဲ့ရဆုံး အချိန်တွေပေါ့" ဟု ပြောခဲ့စဉ်က ထောင်လွှားသော မျက်နှာမျိုး စိမ့်တွင် မရှိတော့။ ခေတ်စနစ်တို့က စိမ့်၏မာန၊ စိမ့်၏ ကျေနပ်ပျော်ရွှင်မှု၊ စိမ့်၏ ဂုဏ်ပကာသနတွေကို ဆွဲခွာလိုက်ပြီ ထင်သည်။

သို့သော် စိမ့်သည် လွယ်လွယ်နှင့် အားလျှော့တတ်သူ မဟုတ်။ ဗေဒါလို မိန်းကလေးမျိုး ဖြစ်သည်။ ရွက်ကျပင်နှင့် တူသော စိတ်ထားမျိုး

mgyoe.com

mgyoe.com SAMPLE BOOK

ရှိသူလည်း ဖြစ်သည်။ ကျသည့်နေရာတွင် အပင်ပေါက်အောင် စွမ်းဆောင်နိုင်သူမျိုး။ ကျွန်တော်က စိမ့်ကို ဤသို့ ထင်မြင်ထားသည်။

"ထိုင်ကြည့်မနေနဲ့၊ ကျက်ထားတဲ့ တစ်၊ နှစ်၊ သုံး၊ လေး ဆိုပြ"

စိမ့်က ဟင်းချက်ရင်း ကျက်ထားသည့် တရုတ်စာများကို အလွတ်ဆိုခိုင်း၏။ ဒီလိုဆိုပြန်တော့လည်း စိမ့်က ဆရာမ၊ ကျွန်တော်က ကျောင်းသားလေး ပြန်ဖြစ်သွားသလိုလို။

"ရပါပြီ စိမ့်ရဲ့၊ ကို ဆိုပြမယ် ကြည့်ထား၊ ရိ၊ အာ့၊ ဆန်း၊ ဆစ်၊ ဝူ၊ လျို့၊ ချီး၊ ပါ့၊ ကျို၊ ရှီ၊ ကဲ… တွေ့လား"

"အဲဒါဆို 'သူဌေး၊ နင်တို့ဆီမှာ လူလိုသေးလား' ဆိုတာကို ဘယ်လိုပြောလဲ"

"နီမန်း၊ အဲ၊ နီမန်းနားလီ၊ နီမန်းနားလီ"

"မေ့ပြီမဟုတ်လား၊ အဲဒါကြောင့် ပြောပါတယ်၊ ကျက်ပါ ကျက်ပါ ဆိုတာကို"

"မေ့ပါဘူးကွာ၊ ပြန်ဆိုပြမယ် ကြည့်ထား၊ နီမန်းနားလီ ရွှီးယောက်ရန်မား၊ ဟုတ်လား"

"ဟင်း၊ မေ့လို့ကတော့ တွေ့လား ဒီမှာ"

စိမ့်က ဟင်းမွှေသည့် ဇွန်းကြီး ထောင်ပြသည်။ ကျွန်တော်က ရယ်ပြလိုက်သည်။ ရယ်ပြရုံနှင့် မပြီး။ စိမ့်ကိုပါ မေးခွန်းပြန်ထုတ်လိုက်သေးသည်။

"ဒါဆို နင့်အသက် ဘယ်လောက်ရှိပြီလဲ ဆိုတာကို ဘယ်လိုပြောလဲ စိမ့် သိလား"

"အမလေး၊ စိမ့်ကိုများ ပေါ့သေးသေးထင်လို့၊ ကြည့်ထား ဆိုပြမယ်၊ နီကျီဆွေ့တဲ့၊ ကျီဆိုတာက အရေအတွက်ကိုပြောတာ၊ တစ်ခုခုကို အရေအတွက် ဘယ်လောက်လဲ မေးချင်ရင် ကျီကော့လို့ မေးရတယ်၊ ဆွေ့က အသက်၊ ကဲ၊ ဘာသိချင်သေးလဲ"

စိမ့်နှင့် ကျွန်တော် အပြန်အလှန် ဆိုနေသည့် တရုတ်စကားများသည် ဘေးလူကြားလျှင် ရယ်စရာ ကောင်းချင်ကောင်းနေလိမ့်မည်၊ ထိုအသံထွက် မှန်၏၊ မမှန်၏ ကျွန်တော်တို့ နားမလည်ပေ။ ဖုန်းထဲက မြန်မာလို ရေးထားသည့် အသံထွက်ကိုသာ ကျက်ရခြင်းဖြစ်၍ မူရင်းအသံနှင့် ကိုက်ညီအောင် ကျွန်တော်တို့ မပြောတတ်ပေ။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုမျှလောက်ဆိုလျှင် အလုပ်လျှောက်ရန် လုံလောက်ပြီဟု ကျွန်တော်က ထင်နေ၏။ အလုပ်လျှောက်လျှင် ဒီမေးခွန်း၊ ဒီစကားလောက်ပဲ မေးတန်ရာသည်။ လုံးဝ မသိတာထက်စာလျှင် ထိုမျှလောက် သိထားသည်က မဆိုးဟု ကျွန်တော်က ယူဆထားသည်။ စိမ့်က ဒီလိုမဟုတ်။ တခြား စကားတိုထွာများကိုပါ ဦးနှောက်ထဲ ဆန့်သလောက် ထည့်နေလေသည်။

"ညနေ နေအေးရင် အလုပ်သွားလျှောက်ကြမယ်"

"အင်း၊ ကောင်းသားပဲ၊ ဘယ်နား သွားလျှောက်ကြမလဲ"

"ကြုံရာပေါ့၊ ဆင်နှစ်ကောင်ထဲ အရင်ဝင်လျှောက်မယ်၊ ပြီးမှ ဖော့ဆောင်ဘက်တွေ သွားတာပေါ့"

အမှန်အတိုင်း ဆိုရလျှင် အလုပ်လျှောက်ရမည့် အရေးကို ကျွန်တော် ဝန်လေးနေသည်။ သွားလျှောက်တိုင်းလည်း အငြင်းခံရသောကြောင့် စိတ်ပျက်နေသည်ဆိုပါက ပိုမှန်ပေမည်။ စိမ့်က အလုပ်မလျှောက်သည့် ရက်ဆိုလျှင် စိတ်မကြည်။ အလုပ်လျှောက်ရမှ နေသာထိုင်သာရှိသည် ဟူ၏။

"ဟုတ်တယ် ကိုရဲ့၊ အလုပ်မလျှောက်တဲ့ နေ့ဆိုရင်လေ ငါမှ အလုပ်သွားမလျှောက်တာ၊ ဘယ်ရပါ့မလဲ ဆိုတဲ့စိတ်ကြီး ဝင်လာရော၊ အလုပ် လျှောက်လိုက်ရင် ငါလည်း ကြိုးစားတာပဲလေ ဆိုပြီး စိတ်ဖြေလို့ ရတယ်၊ စိမ့်စိတ်က အဲဒီလိုကြီး"

စိမ့်ပြောသည့်စကားက ဆီလျော်ပါသည်။ ကြိုးစားပါလျက် မရလျှင် ကိုယ့်တွင် အပြစ်မရှိသလို ခံစားမိစေသည်။ အထူးသဖြင့် စိမ့်ပြောသလို 'ငါ ကြိုးစားခဲ့သားပဲ' ဟူ၍ ဖြေသိမ့်နိုင်သည်။

ညနေစောင်းတော့ စိမ့်နှင့် ကျွန်တော် ထုံးစံအတိုင်း စက်ဘီးလေးနင်း၍ အလုပ်လိုက်လျှောက်သည်။ ဟော့ပေါ့ဆိုင်၊ စားသောက်ဆိုင်များက နေရာမလပ် အတန်းလိုက်ကြီး ဖြစ်သည်။ ဒီလောက် များပြားသည့် ဆိုင်များစွာထဲကမှ တစ်ဆိုင်ဆိုင်တွင်တော့ ရနိုင်ကောင်းပါရဲ့ဟူသော မျှော်လင့်ချက်ဖြင့် တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်လိုက်ထွက်လိုက်ဖြင့်သာ အချိန်ကုန်နေရသည်။

ဒီတစ်ခါတွင်မူ ကျွန်တော်တို့မှာ ယခင်လို ဘာသာပြန် အားမကိုးဘဲ ကျက်ထားသည့် စကားလေးများဖြင့် တစ်လှည့်စီ ဝင်မေးကြ၏။ မျက်နှာ ရွှင်သည့် သူဌေးနှင့်တွေ့လျှင် အကြောင်းမဟုတ်သော်လည်း သဘော ကောင်းပုံမရသည့် သူဌေးနှင့်တွေ့လျှင် စိမ့်နှင့် ကျွန်တော် သူပြောငါပြော

mgyoe.com

mgyoe.com SAMPLE BOOK

လှည့်ချကြသည်။ နောက်ဆုံးတွင် စိမ့်က ဦးဆောင်၍ မေးသည်က များသည်။

ကျွန်တော်တို့ ကျက်ထားသည့် နီမန်းနားလီ ရှီးယောက်ရန်မား ဟူသော စကားသည် ကျွန်တော်တို့ပါးစပ်တွင် တွဲလွဲခိုနေလေသည်။ ဖြစ်နိုင်လျှင် ထိုစကားစုကို လည်ပင်းတွင်ချိတ်၍ မြို့အနှံ့ ပတ်သွားချင်စိတ်ဖြစ်လောက်အောင် စိတ်ပျက်ရသည့် အခိုက်အတန့်လည်း ရှိပါသည်။ အထူးသဖြင့် မျက်နှာပုပ်ကြီးနှင့် ဘာမျှပြန်မဖြေဘဲ ဆိုင်ထဲဝင်ဝင်ချင်း လက်ခါပြပြီး မောင်းထုတ်တတ်သည့် သူဌေးမျိုးနှင့် တွေ့သည့်အခါမျိုး ဆိုပါက တစ်ယောက်ယောက်ကို လက်သီးဖြင့် ပြေးထိုးချင်စိတ်ပင် ပေါက်မိသည်။

"လောပန်း၊ နိဟောင်၊ နီမန်းနားလီ ရှီးယောက်ရန်မား"

"ပုယောက်"

ထို့နောက် နောက်တစ်ဆိုင် ဝင်ရပြန်သည်။

"နိဟောင်၊ နီးမန်းနား"

"ပုယောက်"

"....."

"ပုယောက်"

မိုးပင်ချုပ်နေလေပြီ။ အဖြေက မထူးခြား။ သို့သော် ကိစ္စမရှိ။ ထိုမျှလောက် ပြန်ပြောလျှင်ကို "ငါတို့ပြောတာကို သူတို့နားလည်သား" ဟူ၍ အားရှိသည်။ ရောက်ခါစထက်စာလျှင် ကျွန်တော်တို့၏ တိုးတက်မှုသည် သိသိသာသာ ဖြစ်လာ၏။ အလုပ်ခန့်ခြင်း၊ မခန့်ခြင်းထက် ယခုဆိုလျှင် ဘယ်သူ့အားမှ ကိုးစရာမလိုဘဲ ကိုယ်တိုင် အလုပ်လျှောက်တတ်လာပြီ မဟုတ်လား။

"လာ ကို၊ ဒီဆိုင်လည်း ဝင်မေးကြည့်ရအောင်"

စိမ့်က ဖွဲမလျှော့၊ တွေ့သမျှဆိုင် အကုန်ဝင်မေးသည်။

"သွား၊ စိမ့်မေးလိုက်၊ နောက်တစ်ဆိုင်မှ ကို မေးမယ်"

"အမလေး၊ တစ်ကြောင်းတည်း ကျက်ထားတာများ တွက်ကပ်နေသေးတယ်"

ကျွန်တော်က စိမ့်ကို "စိမ့်က တရုတ်သံ ပိုပေါက်တယ်" ဟု မြှောက်ပေးသည်။ စိမ့်ကလည်း အရဲစွန့်၍ မေးသည်။

"နိဟောင်၊ လောပန်း နီးမန်းနား.."



mgyoe.com

mgyoe.com SAMPLE BOOK

စိမ့်စကားပင် မဆုံးသေး။ ကောင်တာထိုင်သည့် တရုတ်ဝတုတ်က ဂိမ်းဆော့ရင်း လက်ကာပြသည်။ မလိုဘူး ဟူသည့်သဘော။ ကျွန်တော်နှင့် စိမ့်ကိုပင် မကြည့်အား။ အလုပ်ရှုပ်သည် ဟူသော မျက်နှာပေးဖြင့် နဖူးပင် ရှုပ်ပြလိုက်သေးသည်။ စိမ့်ကလည်း ဇက်ကလေးပု၍ အသာပြန်ထွက်လာသည်။ စိမ့်ကိုကြည့်ပြီး ကျွန်တော် သနားမိ၏။ စိမ့်ကလည်း ကျွန်တော့်ကို ကြည့်ပြီး သနားချင် သနားနေပါလိမ့်မည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၅ )

"အလုပ်မရမယ့်အတူတူ လာအိုဘုရား သွားရအောင်၊ ကံများ နိမ့်နေလား မသိဘူး"

အချိန်မှာ နေ့လယ် နှစ်နာရီခွဲခန့်ဖြစ်၍ နေပူသေးသည်။ တစ်မနက်လုံး အလုပ်ပတ်လျှောက်နေရသဖြင့် ခြေထောက်လည်း ညောင်း၊ ချွေးများလည်း ထွက်နေပြီ။ ဒီအချိန် အခန်းကိုပြန်လျှင်လည်း ဘာမျှ လုပ်စရာမရှိ၍ မပြန်ချင်သေး။ အခန်းထဲ ချွေးတလုံးလုံးဖြင့် အိပ်ရာထဲ လှဲရုံမှအပ အထူးအထွေ လုပ်စရာဆို၍ ဖုန်းကြည့်ရန်သာ ရှိသည်။

"တကယ်သွားမလို့လား၊ လာအိုဘုရားက မြစ်ဆိပ်နားမှာ စိမ့်ရဲ့၊ နည်းနည်းဝေးတယ်"

ကျွန်တော်က စက်ဘီးမနင်းချင်တော့သဖြင့် အင်တင်တင် လုပ်သည်။ လက်ရှိ ရောက်နေသည့် နေရာနှင့် လာအိုဘုရားမှာ ဆိုင်ကယ်ဖြင့် သွားလျှင် ချက်ချင်းရောက်သော်လည်း စက်ဘီးဖြင့်သွားလျှင်မူ နာရီဝက်သာသာ ကြာလေသည်။

"ဖြည်းဖြည်းချင်း နင်းပေါ့ ကိုရ၊ ကို မောရင် စိမ့် နင်းမယ်၊ ဒါပေမဲ့ နောက်က လူပါရင် စိမ့်က မနင်းနိုင်ဘူး၊ ဟိ"

mgyoe.com

mgyoe.com SAMPLE BOOK

"အာ... ဒီကလေးမ"

ကျွန်တော်က စိမ့် ငယ်ထိပ်ကလေးကို ခေါက်ဟန်ပြုလိုက်ရာ စိမ့်က ဇက်ကလေးပုရင်း ရယ်လေသည်။

"လုပ်ပါ ကိုရဲ့၊ သွားရအောင်နော်"

ကျွန်တော် ဘယ်လောက်ငြင်းငြင်း စိမ့်က မရမက ခေါ်၏။ ကျွန်တော့်မှာ အလုပ်မရ၍ ပူရသည်ကတစ်ကြောင်း၊ ရာသီဥတု အပူက တစ်ကြောင်းကြောင့် ဘယ်ကိုမှ သွားချင်လာချင်စိတ် မရှိ။ စိမ့်ခမျာလည်း သူ့ဌေးက ငြင်းလိုက်၊ ကျွန်တော်က ငြင်းလိုက်ဆို မည်မျှ စိတ်ထိခိုက်မည်နည်း။ နောက်ဆုံး စိမ့်အလိုကို လိုက်ရန်သာ ဆုံးဖြတ်လိုက်ရသည်။

"ပေါင်တွေလည်း တောင့်နေပြီ စိမ့်ရေ၊ ဒီညတော့ နှိပ်ပေးဖို့ ပြင်ထားပေတော့"

နာရီဝက်ခန့် ကုန်းအတက်အဆင်းများစွာ နင်းပြီးမှ မြစ်ဆိပ်နံဘေးဆီ ရောက်လာသည်။ မဲခေါင်မြစ်ကြီးထဲတွင် စက်လှေတစ်စင်း အပြေးအလွှား ခုတ်မောင်းနေ၏။ ကုန်တင်လှေကြီးက တအိအိ။ ကားလမ်းဘေးတွင် စိုက်ထားသည့် ပိတောက်တန်း၊ ကုက္ကိုတန်းကြီး၏ အရိပ်အာဝါသကြောင့် အတွင်းအပူရော၊ အပြင်အပူပါ ခဏတာမျှ ပြေပျောက်လွင့်စဉ်သွားသည်။

"မြင်းပျံကလပ်ဆိုတာ ဒါလားပဲနော့၊ မြင်းပျံရုပ်တုကြီးတော့ ရှိတယ်"

စိမ့်က ရွှေရောင်သုတ်ထားသည့် မြင်းပျံရုပ်တုကြီးကိုကြည့်ပြီး ပွဲစားကောင်လေး ပြောခဲ့ဖူးသည့် မြင်းပျံကလပ် ဖြစ်နိုင်ကြောင်း ကောက်ချက်ချသည်။ ကလပ်ရှေ့တွင် မြန်မာလား၊ လာအိုလား ခွဲခြားမရသည့် ကောင်မလေးနှစ်ယောက် တံမြက်စည်း လှဲနေ၏။

"ကလပ်ကြီးကတော့ အကြီးကြီးပဲ၊ ဒါပေမဲ့ တရုတ်လို မတတ်ရင် ခန့်မှာမဟုတ်ဘူး"

"ဟုတ်တယ်နော်၊ စိမ့်ကြားဖူးတာတော့ ကလပ်တွေက လစာနည်းပေမဲ့ မုန့်ဖိုး တအားရတာတဲ့၊ တစ်ရက်ကို သုံး၊ လေးရာ၊ တချို့ဆို ငါးရာထိတောင် ရတယ်တဲ့"

ကျွန်တော့်မှာ စိမ့်စကားကို နားထောင်ပြီး ကလပ်စားပွဲထိုး လုပ်ချင်စိတ်များ တဖွားဖွား ထလာမိသည်။ စိမ့်လည်း ကျွန်တော့်လို ကလပ်စားပွဲထိုးဘဝကို အားကျနေသည် ထင်သည်။ မျက်စိက ကလပ်ကြီး



mgyoe.com

mgyoe.com SAMPLE BOOK
ဆီကနေ မခွာပေ။ သို့သော် အရပ်စကားနှင့်ပြောရလျှင် ငပုကြီးခွေးက အရာရှိတက်ဟောင်၍ မည်သို့ ရမည်နည်း။

ကလပ်ကနေ ဆက်သွားသော် လမ်းဘေးတွင် စားသောက်ဆိုင်တန်းများ တွေ့ရသည်။ ဆိုင်အားလုံးမှာ မြစ်ကို မျက်နှာစာပေး၍ ဖွင့်ထားသောကြောင့် မွန်းတိမ်းချိန်ဆိုလျှင် နေထိုးသည်။ လာရင်းရည်ရွယ်ချက်မှာ ဘုရားသို့သွားရန် ဖြစ်သော်လည်း မထင်မှတ်ဘဲ ဆိုင်တန်းများ တွေ့သောကြောင့် ကြုံတုန်းဆုံခိုက် အလုပ်လျှောက်ချင်စိတ်များ ဖြစ်လာ၏။ သို့သော် ကျွန်တော်တို့ လှမ်းကြည့်လိုက်သောအခါ ဆိုင်ထဲ၌ လူသူမရှိသေး။ ဆိုင်ဖွင့်ချိန် မဟုတ်၍ ထင်သည်။

"ဒါ ဘာဆိုင်လဲ မသိဘူးနော်၊ Music Band ရော ရှိတယ်"

အောက်ကနေ လှမ်းကြည့်လိုက်ရာ တီးဝိုင်းချထားသည့် ဆိုင်တစ်ဆိုင်ကို တွေ့ရ၏။ မျက်နှာကြက်တွင် တပ်ထားသည့် ဆလိုက်မီးလုံးများက အပြည့်။ ဘာဆိုင်ဟူ၍ ကျွန်တော်လည်း မခန့်မှန်းတတ်။ ဇာတ်လမ်းထဲတွင် မြင်ဖူးသည့် အတွေ့အကြုံအရ ပြောရလျှင် ဆိုင်လာစားသည့် ဧည့်သည်များကို တီးဝိုင်းဖြင့် ဖျော်ဖြေရန် ဖြစ်မည်။

"ဒီဆိုင် လျှောက်ကြည့်ရအောင်၊ မရတော့လည်း ကံပေါ့"

စိမ့်က ပြောပြောဆိုဆို ဆိုင်ပေါ်တက်သွား၍ ကျွန်တော်လည်း နောက်ကနေ အပြေးလိုက်ရသည်။ ဆိုင်ထဲရောက်တော့ လူဟူ၍ မတွေ့ရ။ စားပွဲခုံများ၊ ထိုင်ခုံများ၊ ရေခဲသေတ္တာများ၊ အရက်တင်ထားသည့် စင်များကိုသာ တွေ့ရ၏။

"သူဌေး မရှိဘူးနဲ့ တူတယ်၊ လူလည်း တစ်ယောက်မှ မတွေ့ဘူး၊ လာပါ စိမ့်ရယ်၊ ဟိုဘက်ဆိုင်ကို သွားကြည့်ရအောင်"

ဆိုင်ထဲတွင် လူမရှိသဖြင့် ကြာကြာ မနေရဲ။ မတော်၍များ ပစ္စည်းတစ်ခုခု ပျောက်ရှလျှင် သူခိုးယိုးခံမည်ကို စိုးရိမ်ရသေးသည်။ အကယ်၍ သူခိုးဟု စွပ်စွဲလျှင်တောင် ကိုယ့်ဘာသာစကား မဟုတ်၍ ဘာမျှပြန်မပြောတတ်။ ထောင်ထဲရောက်မည့်ကိန်း ဖြစ်သည်။ ထို့ကြောင့် ကပ်လျက်ဘေးက စားသောက်ဆိုင်ထဲဝင်၍ မေးရန် ဆုံးဖြတ်လိုက်၏။

"ကဲ၊ ဒီတစ်ခါတော့ နှစ်ယောက်စလုံး အတူတူ မေးကြရအောင်"

စိမ့်ရော ကျွန်တော်ပါ မေးနေကျ ဖန်တစ်ရာတေနေသည့် မဲပြာပုဆိုးကို ဂျုံမှုန့်နယ်နေသည့် တရုတ်ခေါင်းတုံးအား လှလှပပ ထုတ်ပြလိုက်

mgyoe.com

mgyoe.com SAMPLE BOOK
လေသည်။ တရုတ်ခေါင်းတုံးက သဘောကျဟန် တူ၏။ ချက်ချင်းပင် လုလိုကြောင်း ပြန်ပြောသဖြင့် စိမ့်ရော ကျွန်တော်ပါ ထခုန်မိမတတ် ဝမ်းသာသွားသည်။

"တရုတ်စကားတတ်လား"

"ငါတို့ နည်းနည်းတော့ တတ်တယ်"

ဒီနေရာတွင် မတတ်ဟု ဖြေ၍မရ။ မတတ်လျှင် ဘယ်သူမျှ အလုပ်မခန့်ချင်ကြ။ ဒီနိုင်ငံရှိ မြန်မာတိုင်း အလုပ်လျှောက်လျှင် တရုတ်စကားတတ်ကြောင်း ဖြေကြသူချည်း ဖြစ်သည်။ တစ်လုံးမျှ မတတ်စေကာမူ တတ်သည်ဟု ဖြေမှ အလုပ်ရတတ်သည်။ မတတ်ဘူးဟု ခေါင်းခါပြလျှင် အိုပြီးသာ သေသွားမည်။ အလုပ်ရမည် မဟုတ်။ ထိုအထာကို သိနှင့်ပြီးသော ကျွန်တော်တို့မှာ တရုတ်လိုတတ်ကြောင်း ဖြေလိုက်ရာ အလုပ်ရသွားလေသည်။

တရုတ်ခေါင်းတုံးက အလုပ်ချက်ချင်းဆင်းဟု ပြောလိုက်သောကြောင့် စိမ့်က ဝမ်းသာ၍ ကိုယ်ကိုကိုင်းညွတ်ကာ ရှဲရှဲ လုပ်သည်။ သို့သော် အရေးကြီးသည့် လစာနှင့် နေစားငြိမ်း၊ မငြိမ်း ကိစ္စကိုကား မမေးရသေးချေ။ တရုတ်ကတုံးက စိမ့်ကိုတစ်လှည့်၊ ကျွန်တော့်ကိုတစ်လှည့် ကြည့်၍ စကားတွေ အများကြီး ပြောသည်။ ကျွန်တော်တို့က တစ်လုံးမျှ နားမလည်။ ဆိုင်က ကောင်မလေးကိုခေါ်၍ စကားပြန်ခိုင်းလိုက်မှ အဆင်ပြေသွားသည်။

"သြော်၊ သုံးရက် အစမ်းခန့်ကြည့်မယ်တဲ့၊ သုံးရက်အတွင်း အလုပ်လုပ်တာ သဘောကျရင် ခန့်မယ်တဲ့၊ နေစားကတော့ ငြိမ်းတယ်၊ လစာကိစ္စက သူဌေးကြီးလာမှ မေးတဲ့"

ဒီနိုင်ငံတွင် အလုပ်သစ်လျှောက်လျှင် သုံးရက် အစမ်းခန့်သည့် အလေ့အကျင့်ရှိသည်။ တချို့လည်း သုံးရက်မပြည့်ခင် သဘောမကျ၍ ထုတ်ပစ်လိုက်သည်လည်း ရှိသည်။ သဘောကျ၍ ဆက်ခန့်သည်လည်း ရှိသည်။ ကျွန်တော်နှင့် စိမ့်ကတော့ မသိသေး။ လောလောဆယ် အလုပ်လေးရ၍ ဝမ်းသာနေ၏။

မေးစရာရှိသည်များ မေးပြီးနောက် ဘယ်နားသွားပြီး ဘာလုပ်ရမှန်းမသိ၍ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေသည်။ ဆိုင်ထဲရှိ ဝန်ထမ်းများမှာ နေသားကျပြီးသားဖြစ်၍ သူ့အလုပ်နှင့်သူ အံဝင်ခွင်ကျ လုပ်နေကြသည်။ စိမ့်က တံမြက်စည်းကိုင်လိုက် ပြန်ချလိုက် လျှောက်လုပ်နေသလို ကျွန်တော်

mgyoe.com SAMPLE BOOK

လည်း ထိုင်နေရကောင်းနိုးနိုး၊ စားပွဲခုံသုတ်ရကောင်းနိုးနိုး စဉ်းစားနေရသည်။ နောက်ဆုံး ကြံရာမရသည်နှင့် မြန်မာများရှိရာ အောက်ထပ်ကိုပင် နှစ်ယောက်သား ဆင်းလာခဲ့လိုက်သည်။

"ညီမတို့တော့ လစာ တစ်ထောင်ပဲ ရတယ်၊ ဆိုင်မဖွင့်သေးလို့လား ဘာလားတော့ မသိဘူး၊ ဒီဆိုင်က အသစ်၊ ဖွင့်ပွဲ လုပ်ပြီးတာတောင် နှစ်ရက်ပဲ ရှိသေးတယ်၊ လာအိုလေးယောက်ကို အစ်မတို့ရှေ့လေးတင် ထုတ်လိုက်တာ၊ အစ်မတို့လာတာ ကံကောင်းသွားတာ"

ဆိုင်က အသားဖြူဖြူနှင့် ကောင်မလေးက တရင်းတနှီး ရှင်းပြသည်။ အောက်ထပ်တွင် မြန်မာကောင်မလေးခြောက်ယောက်နှင့် ယောကျ်ားလေးနှစ်ယောက် ရှိသည်။ ကျန်သည့်ငါးယောက်မှာ လာအိုမိန်းကလေးများ ဖြစ်သည်။

လစာက တစ်ထောင်တည်းဆို တော်တော်နည်းတယ်၊ စိမ့် လုပ်မလို့လား"

ကျွန်တော်က လစာနည်း၍ မလုပ်ချင်။ စိမ့်ကလည်း အင်တင်တင် ဖြစ်နေသည်။

"ဆိုင်မဖွင့်သေးလို့ နေမှာပါ၊ အခုလကစပြီး ဆိုင်ဖွင့်ပြီဆိုတော့ နှစ်ထောင်ပေးမယ်တော့ ပြောတာပဲ၊ သူဌေးကြီးလာမှ မေးကြည့်ပေါ့"

ကျွန်တော်တို့နှစ်ယောက် ဝေခွဲရ ခက်နေသည်ကို စိတ်မကောင်း၍ ထင်သည်။ ကြက်သွန်ဖြူ ထိုင်နွှာနေသည့် ယောကျ်ားလေးနှစ်ယောက်အနက် မျက်လုံးမှေးမှေးနှင့် ကောင်လေးက လှမ်းပြောသည်။

"သူ ပြောသလိုလည်း ဖြစ်နိုင်တာပဲ၊ တစ်ထောင်တည်း ဆိုရင်တောင် စိမ့်ကတော့ အတွေ့အကြုံရအောင် လုပ်ရမလားလို့"

အမှန်အတိုင်း ပြောရလျှင်မူ ကိုယ်မလုပ်ဖူးသည့် အလုပ်ကို ပထမဆုံး စတင် လုပ်ကိုင်ရမည်ဖြစ်၍ ကျွန်တော် ကြောက်နေသည်။ ထိုကြောက်သည့် စိတ်ကြောင့် လစာသုံးထောင် ပေးစေကာမူ ကျွန်တော် မလုပ်ချင်။ လုပ်လည်း မလုပ်ရဲ။ ယုတ်စွအဆုံး အလုပ်ရမှာကိုပင် ကြောက်နေမိသေး၏။ သို့သော် အလုပ်မရှိလျှင် စားရေးသောက်ရေး အခက်တွေ့မည်ကို ပိုကြောက်သောကြောင့် စိမ့်အလိုအတိုင်း လိုက်ရန်သာ ဆုံးဖြတ်လိုက်သည်။

"စိမ့်သဘောပါ"

စိမ့်ပြောသည့် အတွေ့အကြုံ ဟူသောစကားက တကယ်လိုအပ်

mgyoe.com

mgyee.com SAMPLE BOOK

သည်။ စာပဲသင်ခဲ့သည့် လူတစ်ယောက်အဖို့ စားပွဲထိုး အတွေ့အကြုံ မရှိလျှင် အလုပ်ရှာရန် ပို၍ အခက်တွေ့နိုင်သည်။ မည်သို့ဆိုစေ စားပွဲထိုး အတွေ့အကြုံ ရသလောက်ယူမှ တော်ကာကျမည်။

တစ်နာရီခန့်ကြာပြီးနောက်မှ ဆိုင်၏ အနေအထား၊ ဆိုင်ရှိ ဝန်ထမ်းများ၏ အလုပ်အကိုင်ကို သိလာသည်။ မြန်မာရှစ်ယောက်မှာ စားဖိုချောင် လုပ်သားများဖြစ်၍ လာအိုငါးယောက်မှာ စားပွဲထိုးနှင့် ကောင်တာထိုင် ဖြစ်သည်။ ဘယ်သူက အရေးကြီး၍ ဘယ်သူ့ကို ဂရုစိုက်ရန် လိုအပ်ကြောင်း လေ့လာသုံးသပ်ပြီးသွားလေပြီ။

"....."

ကောင်တာထိုင်သည့် လာအိုမက ကျွန်တော် ကြောင်အမ်းအမ်း ရပ်နေသည်ကို သိ၍ထင်သည်။ ကျွန်တော့်ကိုခေါ်၍ ကြမ်းတိုက်ရန် လက်ညှိုး ထိုးပြသည်။ ကောင်တာတွင် လာအိုမနှစ်ယောက် ရှိသည်။ တစ်ယောက်က ရီးရီးအေးအေးနှင့် လှသည်။ ကျန်တစ်ယောက်က ရုပ်ဆိုးသည် မဆိုသာသော်လည်း ကျောနည်းနည်းကုန်းသည်။

ကျွန်တော့်မှာ ကြမ်းတိုက်နေကျ မဟုတ်သူမို့ ကိုးရိုးကားရား ဖြစ်နေသည်။ လူက ရှေ့သွားရမည်လား၊ နောက်ဆုတ်ရမည်လား မသိ။ ဘယ်က စတိုက်၍ ဘယ်မှာ အဆုံးသတ်ရမည်ပင် မသိချေ။ နောက်ဆုံး ကြမ်းထိုးနေရန်သာလိုသည် ဟူသောခံယူချက်ဖြင့် ဖြစ်သလို ထိုးချလိုက်သည်။ စိမ့်လည်း ကျွန်တော့်အတိုင်းပင် ထိုးနေသည်။

"ကိုတို့လုပ်တာ မှန်ရောမှန်ရဲ့လား မသိဘူးနော့"

"စိမ့်လည်း တစ်ခါမှ မလုပ်ဖူးဘူး၊ မှန်မှန်၊ မမှန်မှန် ပြောင်သွားပြီးတာပဲ ကိုရယ်၊ ဘာမှ မဖြစ်ဘူး"

စိမ့်က ပြောပြောဆိုဆို သူ ထင်သလို လုပ်နေသည်။ ကျွန်တော်လည်း စိမ့်ပြောသလို ပြောင်ပြီးရော သဘောဖြင့် ကြမ်းထိုးတံကို ရေနှစ်လိုက်၊ ထိုးလိုက် လုပ်နေသည်။

ကျွန်တော်တို့ လုပ်ပုံကို ကြည့်မရသည့် လာအိုမက ကြမ်းထိုးတံကို ကျွန်တော့်ဆီက ဆွဲယူ၍ "ဒီလို ဒီလိုတိုက်" ဟု ဆောင့်ကြီးအောင့်ကြီး လုပ်ပြပြီးမှ သူတို့အချင်းချင်း လာအိုလို အတင်းတုတ်၍ လှောင်ရယ် ရယ်နေကြ၏။ ဘာပြောသည်ကို သူတို့ပဲ သိပါလိမ့်မည်။

သူ စိတ်တိုလျှင်လည်း တိုလောက်သည်။ ကျွန်တော်က ကြမ်းကို

mgyee.com

mgyoe.com SAMPLE BOOK

နောက်ပြန်မတိုက်ဘဲ ရှေ့တိုး၍ တိုက်သောအခါ ကြမ်းတိုက်ပြီး ပြောင်နေသည့် သမံတလင်းပေါ် ခြေထောက်ပြန်ချမိပြီးခြေရာတွေ ပြန်ထင်ကုန်သည်။ ကျွန်တော်နှင့် စိမ့်မှာ ထိုမျှလောက် အ,ကြပါသည်။

ဆိုင်အပေါ်ထပ်မှာ ပေတစ်ရာကျော် နှစ်ရာနီးပါး ကျယ်ရကား သန့်ရှင်းရေးလုပ်ရသည့် အချိန်ကြာလေသည်။ နံနက်ခင်း သို့မဟုတ် ညနေခင်းတွင် အမှိုက်လှည်း၊ ကြမ်းတိုက်လုပ်ပါက အကြောင်းမဟုတ်သော်လည်း မွန်းတိမ်း သုံးနာရီတွင် လုပ်ရသော ကျွန်တော်တို့မှာ အနောက်ဘက်က ထိုးနေသော နေဒဏ်ကြောင့် ပို၍ ပင်ပန်းသည်။

အောက်ထပ်တွင် VIP အခန်း ငါးခန်း ရှိသေးသည်။ ထိုအခန်း ငါးခန်းကို သန့်ရှင်းရေးလုပ်ရလျှင် သက်သာသည်။ အခန်းတိုင်းတွင် အဲကိုလာများ ရှိသည်မို့ သန့်ရှင်းရေးလုပ်ရင်း ဖိမ်ခံ၍ရသည်။ နေလည်းရိပ်သောကြောင့် နေပူဒဏ်မခံရ။

သန့်ရှင်းရေး လုပ်ပြီးပြီဖြစ်၍ ခဏထိုင်မည်ပြုစဉ် ကျွန်တော့်နားထဲ အသံတစ်သံ ကြားသောကြောင့် အသံလာရာဆီ လှမ်းကြည့်လိုက်၏။

“.....”

ကောင်တာထိုင်သည့် လာအိုမက ကျွန်တော့်ကို လှမ်းခေါ်၍ တစ်ခုခုကို ခိုင်းနေကြောင်း တွေ့လိုက်ရသည်။ သို့သော် ဘာခိုင်းသည်ကို မသိပေ။

“ပြဿနာတော့တက်ပြီ စိမ့်ရေ၊ တရုတ်လိုတွေ ပြောနေတာ၊ ကိုတော့ နားမလည်ဘူး”

စိမ့်က ကျွန်တော့်ကိုကြည့်ပြီး တခစ်ခစ်ရယ်သည်။ နီမန်းနားလီ လောက်ပင် တတ်သည့် ကျွန်တော့်မှာ ဒုက္ခရောက်နေသည်။ စိမ့်ကို တစ်လှည့်၊ လာအိုမကိုတစ်လှည့် ကြည့်ရင်း ကျွန်တော် ကြောင်တောင်တောင်ကြီး ဖြစ်နေရသည်။ ခဏကြာသော် လာအိုမက စိတ်မရှည်၍ ထင်၏။ ကျွန်တော့်အင်္ကျီကို ဆွဲပြီး ရေခဲသေတ္တာရှေ့ခေါ်ကာ လက်ညှိုးနှင့် အကျအန ထိုးပြမှ ရေခဲသေတ္တာထဲ ဘီယာ၊ အချိုရည်များ ဖြည့်ခိုင်းမှန်း သဘောပေါက်လေသည်။

“သြော်၊ အချိုရည် ဖြည့်ခိုင်းတာတဲ့ စိမ့်ရေ၊ အဲဒါကြောင့် ထင်တော့ထင်သား”

“အမလေး၊ ဘာအခုမှ ထင်တော့ထင်သားလဲ၊ ထင်ရင် ထလုပ်

mgyoe.com SAMPLE BOOK

လိုက် ပြီးတာကို"

"မဟုတ်ဘူးလေ၊ ထင်တာလုပ်လိုက်လို့ မှားသွားရင် အပြောခံရမှာ ကြောက်လို့၊ အခုမှ စလုပ်ဖူးတာဆိုတော့ ဘယ်သိမလဲ"

စိမ့်က ကျွန်တော်တစ်ယောက်တည်း လုပ်နေတာမြင်၍ သူပါ ဝင်ကူပေးသည်။

ကျွန်တော့်စိတ်ထဲတွင် ဆရာမင်းသုဝဏ်၏ 'ငါ့စကားကို သူတို့စကားဖြစ်အောင် စိတ်ထဲတွင် ဘာသာပြန်ကာ ထုတ်၍ပြောရခြင်းသည် မလွယ်ကူ၊ သူတို့စကားကို ငါ့စကားဖြစ်အောင် ဘာသာပြန်ကာ နားလည်ရခြင်းသည် ခက်စွ' ဟူသော စကားစုလေးကို ရွတ်နေမိသည်။

ညနေ ငါးနာရီထိုးတော့ စိမ့်က ကျွန်တော့်ဆီ ပြေးလာ၏။ လက်ထဲတွင် ယူနီဖောင်းနှစ်စုံ ပါလာသည်။ သို့သော် ကျွန်တော့်အတွက်မပါ။ စိမ့်အတွက်ချည်း နှစ်စုံဖြစ်သည်။

"ကို့အတွက်ကရော"

"သိဘူးလေ၊ သူတို့က စိမ့်အတွက်ပဲ ပေးလိုက်တာ၊ စားဖိုထဲက ကောင်လေးပြောတာတော့ သူတို့အခန်းထဲမှာ ထွက်သွားတဲ့ လာအိုတွေရဲ့ ယူနီဖောင်းတွေ ရှိတယ် ပြောတာပဲ၊ အဲဒါ ယူရမှာနေမယ်"

စိမ့်က ယူနီဖောင်းရပြီး ကျွန်တော့်အတွက် မရသေး၍ စိတ်မအေးဖြစ်နေရသည်။ အကယ်၍ စိမ့်ကို အလုပ်ခန့်ပြီး ကျွန်တော့်ကို မခန့်လျှင် ခက်ချေမည်။ ထို့ကြောင့် စိတ်မချ၍ အောက်ဆင်းမေးရာ မျက်စိမှေးမှေးနှင့် ကောင်လေးက ထိုအတိုင်းပင် ပြောလေသည်။ ကျွန်တော်လည်း ယူနီဖောင်းကိစ္စကို စိတ်ထဲမထည့်တော့ဘဲ မေ့မေ့ပျောက်ပျောက် ထားလိုက်၏။

"စိမ့်၊ ပန်းနွယ်တို့ကို လှမ်းပြောလိုက်ဦး၊ ကိုတို့ ဒီမှာ အလုပ်ရနေပြီလို့၊ မနက် သုံးနာရီမှ ပြန်လာမယ်လို့"

ဟုတ်သည်။ တစ်ခန်းတည်းမှာ အတူအိပ်နေသူမို့ ဒီကိစ္စကို အသိပေးမှ တော်ကာကျမည်ဟု ကျွန်တော်က တွေးမိ၍ စိမ့်ကို ဖုန်းဆက်ခိုင်းရသည်။ ကျွန်တော်တို့ ပြန်အလာကို မျှော်သည်၊ မမျှော်သည်က သူတို့ကိစ္စ။ ဝတ္တရားရှိသည့်အတိုင်း ပြောရန်မှာ ကျွန်တော်တို့ကိစ္စ ဖြစ်သည်။ အထူးသဖြင့် ကိုယ်နှင့် တစ်ခန်းတည်း အတူနေကြသူချင်း အလုပ်ရသွား၍ ဝမ်းသာစေရန်လည်း ဖြစ်သည်။ သို့သော် ဝမ်းသာလိမ့်မည်ဟု ကျွန်တော် မထင်ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ အလုပ်ချိန်က နေ့လယ် သုံးနာရီကနေ မနက် သုံးနာရီအထိ ဖြစ်သည်။ ဒီနိုင်ငံတွင် အလုပ်ချိန်က ဒီလိုပဲ လည်ပတ်နေ၏။ တစ်နေ့ အလုပ်ချိန် ဆယ့်နှစ်နာရီ ရှိသည်ချည်း။ မြန်မာပြည်မှာလို တစ်နေ့ ရှစ်နာရီ ဆိုတာမျိုး မရှိ။ ဆယ့်နှစ်နာရီကို များလှသည်ဟု အကြောင်းပြ၍ မလုပ်လျှင်လည်း ထမင်းငတ်ရုံသာ အဖတ်တင်လိမ့်မည်။

"ထမင်းစားရအောင်တဲ့ ကိုရေ၊ ခေါ်နေတယ်၊ လာ၊ သွားရအောင်"

လေးနာရီ ထိုးလေပြီ။ နေ့လယ်စာလား။ ညစာလား ကျွန်တော် မသိပါ။ အလုပ်စဆင်းချိန်ဖြစ်၍ ထမင်း မစားချင်လည်း စားရသည်။ ထမင်းဝိုင်းမှာ စိုစိုပြည်ပြည် မရှိလှ။ အမဲသား သို့မဟုတ် ဝက်သားကို အစိမ်းရိုး (နာမည်မသိ) လေးများဖြင့် ကြော်ထားသည်။ ထို့နောက် ကြက်ဥ ဖောက်ထည့်ထားသည့် ဟင်းရည်ကျဲကျဲ တစ်ခွက်ကို ပန်းကန်လုံးထဲ ထည့်၍ စားပွဲအလယ်မှာ ချထားသည်။

စားပွဲပေါ်တွင် အားလုံးပေါင်း ဟင်းနှစ်ခွက်ရှိသည်။ ကျွန်တော့်မှာ စားဖြစ်မည့်ဟင်းကို အားကိုးတကြီး ရှာသော်လည်း မတွေ့။ စားပွဲနံဘေးတွင် မြန်မာရှစ်ယောက် ထမင်းပန်းကန်ကိုယ်စီဖြင့် ဘယ်ဟင်းနှိုက်ရမည်နည်းဟု စဉ်းစားနေပုံရသည်။

"စိမ့်တော့ ဗိုက်မဆာဘူး၊ ကိုရော ဆာပြီလား"

စိမ့်က ဟင်းမကောင်း၍ ထမင်းစားရမည့် အရေးကို စိတ်မပါ လက်မပါ ဖြစ်နေသည်။ ကျွန်တော်လည်း စိတ်ပါသည်တော့ မဟုတ်။ ယခုအချိန် ကျွေးသခိုက် မစားလျှင် အလုပ်လုပ်ရင်း ဗိုက်ဆာမည်ကို စိုးရိမ်ရသည်။ ဆိုင်၏ အလေ့အကျင့်ကို ဘာမျှမသိရသေး။ ထမင်းကျွေးချိန် က တစ်ရက်ကို ဘယ်နှကြိမ်၊ ဘယ်နှနာရီ တစ်ခါ စားရသည်ကို မသိသေး သောကြောင့် ဝင်သလောက် စားထားရန် စိမ့်ကိုအကြံပေးရသည်။

"မဆာသေးလည်း စားထားစိမ့်ရဲ့၊ အလုပ်ဆင်းဖို့က မနက်သုံးနာရီ မှ၊ တော်ကြာ ဗိုက်ဆာနေရင် စားစရာ မရှိဘူး"

ဖြစ်သလို ကြိတ်မှိတ်ပြီး စားလိုက်ရသော်လည်း နှစ်ယောက်သား လေး၊ ငါးလုတ်ထက် ပို၍ မဝင်ပေ။ ကျွန်တော့် မျက်စိထဲတွင် ဦးပုည၏ ရေသည်ပြဇာတ်ထဲက ထမင်းတစ်လုတ်ကို ခက်ခက်ခဲခဲ အတင်းမျိုချနေရ သည့် ရေသည်ယောက်ျား၏ အဖြစ်ကို မြင်နေမိသည်။ ခြောက်ကပ်လိုက် သည့် ထမင်းဝိုင်း။